
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

[illegible] ဒို့အရေး
...ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
...အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပန်းသီနိုင်

# ဖိုးရွှေလမင်းကြီးရယ် အချစ်ဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးလှည့်ပါ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကြည့်မင်းဇော်က စိတ်လှုပ်ရှားစွာနှင့် လမ်းမဘက်ကို လှည့်ထိုင်ကာ ကော်ဖီပူပူကို မမှုတ်ဘဲ သောက်နေမိ၏။

သည်နေ့ရော သူလက်လျှော့တပ်ခေါက်ပြန်ဦးမှာလား။ နေ့စဉ်နေ့တိုင်း သူ အောင်ဖျာလိပ်နေကြပါ။

သည်မနက်တော့ ''လုံးဝ လှည့်မပြန်ဘူး'' သူဖွဲ့နှင့် တေးထားမိ၏။

သူ မျှော်တော်ရောင်တစ်ယောက် မဖြစ်စေချင်ပါ။

သူဟာ သတ္တိနည်းပါးသော၊ မျှော့ညှိုတွေဝေသော ယောက်ျားတစ်ယောက် မဟုတ်ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသူ အမြဲတမ်း ယုံကြည်မှုအပြည့်နှင့်။

သို့ပေမယ့် အခုကိစ္စကို သူ တွန့်ဆုတ်နေသည်။

ရှေ့တိုးချင်ပေမယ့် ကြောက်စိတ်နှင့် နောက်ပဲ ပြန်ဆုတ်နေမိသည်။

သူ ဘာလို့ မရဲတရဲ ဖြစ်နေရတာလဲ။

Yes or No တစ်ခု မဟုတ်တစ်ခု သူ လက်ခံနိုင်ရမည်။ အဖြေသိရဲရမည်။

အောင်စာရင်းကြည့်ရဲရမည်။

မအောင်မှာ ကြောက်ပြီး နောက်တွန့်နေလျှင် သူ တကယ် ဆုံးရှုံးရလိမ့်မည်။

အစွမ်းကုန် ကြိုးစားပြီး လိုချင်တာကို ဆွတ်လှမ်းယူဖို့ ရဲရင့်သော ယောကျ်ားတစ်ယောက်ယောက်ပီပီ ပြင်ဆင်ထားရမည်။

သူ့ဘက်က စစ်မှန်သော မေတ္တာ၊ သေချာသော ဆုံးဖြတ်ချက် ခိုင်မြဲသော လေးနက်ခြင်းတွေ ရှိနေခဲ့ပြီပဲ။





သူ ဘာကို စိုးထိတ်နေရဦးမှာလဲ။

ကြည့်ပြန် ...စောင့်ပြန် ...လိုက်ပြန် ...ပြန်သုံးပြန်ကို သူ မုန်းလာပါပြီ။

ပြန်သုံးပြန်ဘဝက ရှန်းထွက်ချင်ပြီ။

သူ့ဘက်ကသာ အဖြစ်သည်းနေမိတာ။

မဟာဆန်သူလေးက သူ့ကို သိပင် သိပါ့မလား။

မျက်လုံးထဲ မြင်ပါ့မလား။

သတိထားမိပါ့မလား။

သူ့ ယဉ်တစ်ကိုယ်မယ်လေးက လမ်းလျှောက်ရင် မျက်လွှာကလေးချပြီး ဣန္ဒြေကအပြည့်။

လက်ဖက်ရည်ဆိုင်က ချာတိတ်ကလေးတစ်ယောက် ယောက်ဆီမှာ ဖွင့်ဟ စုံစမ်းဖို့လည်း သူက သိက္ခာဆယ်နေမိသည်။

နှုတ်မဟာရဲ။ မမေးမြန်းရဲ။

ကပ်တိုးကလေးနှင့် စားပွဲထိုးကို မေးလိုက်လည်း နောက်တစ်နေ့ကျလျှင် တစ်ဆိုင်လုံး သိသွားမှာ။



www.burmeseclassic.com

www.burmeseclassic.com



သတင်းပြန့်သွားမှာ။

သူ ရောက်လာတာနှင့် ပြုံးစိစိကြည့်ကြမှာ ဒါတွေ သူ မလိုလား။

ဘာမှမဟုတ်သေးဘဲ ဘေးလူတွေ မသိစေချင်။

အခုအနေအထားက သူတစ်ယောက်တည်း သိတာ ဘယ်သူမှ မသိ။

ကိုယ့်ရဲ့ ဣန္ဒြေရှင်လေးပင် သိသေးတာ မဟုတ်။

လက်ရှိ အနေအထားမှာပဲ ဟန်မပျက်ဆက်နေရ မလား။

တစ်ယောက်ယောက်ကို ဖွင့်ဟစုံစမ်းရမလား။

ဒါမှမဟုတ် ရဲစိတ်မွေးပြီး ကိုယ်တိုင် စကားသွား ပြောကြည့်ရမလား။

နန်းဆန်သူကလေးက သူ့ကို စကားပြန်ပြောလျှင် ကောင်းပါရဲ့။

တုန့်ပြန်စကားမဆိုလျှင် သူ ဘာဆက်လုပ်ရမည် နည်း။





သူ့ဘဝတစ်လျှောက်လုံးမှာ ဘယ်မိန်းကလေးကိုမှ စကားလိုက်ပြောတာမျိုး မရှိခဲ့ပါ။

သူ့မှာ အဲဒီအတွေ့အကြုံမရှိ။

ဘယ်လို မျက်နှာနှင့် လိုက်စကားပြောရမလဲ။

အကြိမ်ကြိမ် ကြံရွယ်ပေမယ့် ဖြစ်မလာ။

သူ တကယ်ပဲ ခက်ခဲနေသည်။

နှောင်ကြိုးရှင်ကလေး၏ အမည်၊ ပြီးတော့ လိပ်စာ၊ အဲဒါလေးတွေ သိရလျှင်ပင် မဆိုး။

သူမ လက်ကလေးထဲက ဖုန်းနက်ပြာကလေး၏ ဖုန်းနံပါတ်ကို သိရလျှင်တော့ သူ "မဟာကံထူးရှင်" ဖြစ်ပါ ပြီ။

ထီဆုကြီး ပေါက်သလိုမျိုး။

သူ့ရဲ့ အိပ်မက်နတ်သမီးလေးက ဖုန်းနံပါတ်ကို လွယ်လွယ်ပေးပါ့မလား။

အပြုံးအရယ် မရှိသော မျက်နှာ၊ အေးစက် စိုက် တန့်သော မျက်လုံးကလေးနှင့် လမ်းလျှောက် ဟန့်ကြ့



www.burmeseclassic.com

www.burmeseclassic.com



ကြော့မှ ပတ်ဝန်းကျင်ကို ခေါင်းထဲမရှိပုံနှင့် အေးငြိမ်းလှပါသည်။

တော်ရုံ ကောင်လေးတွေက ကိုယ့် သူယောင်မယ်လေးကို မစရဲ၊ မနောက်ရဲ။

တည်တင်းသော ပုံစံကလေးကို ဖြူသည်။ ရဲသည်။ အနားမကပ်ရဲကြပါ။

သူ့ရင်ထဲကို မော်ဆရာမလေးအဖြစ် ဝင်ရောက်လာခဲ့တာ တစ်လကျော်ပါပြီ။

မနက်စောစော သည်လက်ဖက်ရည်ဆိုင်မှာ လာထိုင်တုန်း အမှတ်မထင် တွေ့ခဲ့တာပါ။

ပထမဦးဆုံးနေ့က စကားဝါသွေးဖျော့ဖျော့ ဝတ်စုံကလေးနှင့် ချွန်မြသော ဒေါက်ဖိနပ်နှင့် ရှည်လျားသော ပိတုန်းရောင်ဆံပင်တွေကို ကျစ်ဆံမြီး တစ်ချောင်းတည်း ကျစ်ထားသည်။

နဖူးလေးပဲ ကြည့်ကြည့်၊ နှာတံစင်းစင်းလေးပဲ ကြည့်ကြည့်၊ နှုတ်ခမ်းဖူးဖူးကလေးပဲကြည့်ကြည့် မျက်လုံးစိုစို





လက်လက်ကလေးပဲ ကြည့်ကြည့် အရမ်းကို အပြစ်ကင်းပြီး ချစ်စရာ ကောင်းသည်။

စကားဝါမကလေးကို နောက်တစ်နေ့ မနက်လည်း သူ လာစောင့်နေမိသည်။

ဒုတိယနေ့မှာတော့ မိုးပြာရောင်ဝတ်စုံကလေးနှင့် ရင်ဖုံးအင်္ကျီကလေးက ပုလဲကြယ်သီးကလေးတွေနှင့် ဆံပင်တွေကို အပြာနုရောင်ကလစ်ကလေးနှင့် ညှပ်ထားသည်။

သူက အစွန်ဆုံး စားပွဲမှာ ထိုင်နေတာမို့ သူမ ဖြတ်သွားတော့ အလွန်တစ်ရာ နီးကပ်သွား၏။

ရေမွှေးနံ့သင်းသင်းကလေးကို ရှူရှိုက်မိသလို ကော့ရှန်းသော မျက်တောင်များကိုလည်း ထိုင် ကြည့်နေတာမို့ သူ သေချာမြင်ခွင့်ရသည်။

အလှသိပ်မပြင်ထားတဲ့ နဂိုနေပုံစံကလေး။

တတိယနေ့ကျတော့ သူမက လက်ဖက်ရည်ဆိုင်ဘက်က မလျှောက်ပဲ ဟိုဘက်အခြမ်းက လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသို့ရောင် စိမ်းမှောင်မှောင်ဝတ်စုံကလေးနှင့် စိုနှစ်သော အသားအရည်က အင်မတန် ပေါ်လွင်လှ၏။

ကိုယ့်လိုပဲ တခြားသူတွေရော သူမကို သတိထားမိကြမှာပဲလား။

တန်ခိုးရှင်တစ်ဦးက ဖန်ဆင်းပေးထားသလို သူမအလှက အချောပေါ် အယှဉ်ဆဲင့်ကာ ပြီးပြည့်စုံလှသည် မို့ ပတ်ဝန်းကျင်က လူတွေလည်း သတိပြုမိမှာပါ။

သူ့ဘဝမှာ အရမ်းချောသော မိန်းကလေးတစ်ဦးကို ရွေးချယ်လက် တွဲမည်ဟု မခံယူခဲ့ပါ။

ချောလွန်းလို့ ရင်ခုန်သွားတာ မဟုတ်ပါ။

သူ့အလို အလျောက်ဖြစ်ပေါ်လာသော နှစ်သက်မြတ်နိုးစိတ်၏ နောက်မှာ ပိုင်ဆိုင်ရယူချင်သော မက်မောသည့် အတ္တလောဘ။

ဆုံးရှုံးသွားမှာ ကြောက်သည့် စိုးစိတ်၊ မမြင်ရလျှင် တစ်ခုခု လစ်ဟာနေသလို အကျင့်ပါသွားသော နှလုံးသား။





စတုတ္ထနေ့မှာတော့ ဆင်စွယ်ရောင်ဆွယ်တာ လက်ရှည်ကလေးနှင့် ဆံတုံးကလေး ကပိုကယို ထုံးဖွဲ့ကာ ခါတိုင်းလောက် မလန်းဆန်းသော မျက်နှာကလေး။

ကိုယ့်ရဲ့ နတ်မိမယ်လေး နေမကောင်းဘူးလား။

သူ့စိတ်ပူမိသည်။

မေးမြန်းကြည့်ချင်သည်။

အားပေး စကားပြောချင်သည်။

မပြောရဲလို့သာ။

လမ်းပေါ်မှာ လတစ်စင်း ဖြာကျသလို ထင်းလင်းတောက်ပနေသော သူမအနားကို ကိုယ် ရုတ်တရက် ကပ်သွားလျှင် မျက်လုံးပေါင်းများစွာက သူတို့နှစ်ယောက်စီ ဝိုင်းအုံကျလာတော့မှာ။

ဘယ်လိုပါလိမ့်ဟု အကဲခတ် ကုန်တော့မှာ။

သူ ခပ်ငြိမ်ငြိမ် ထိုင်နေမိသည်။

ထ မလိုက်ရဲပါ။

"တော်တော်လှတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဘေးစားပွဲက ထွက်လာသော ချီးမွမ်းသံ။

"ကျက်သရေရှိတာ၊ အေးချမ်းတာ"

"ဟုတ်တယ်၊ သူ ဖြတ်သွားမှ မနက်ခင်းက ပြည့်စုံသွားတယ်ဗျ။ သိပ်ချစ်စရာကောင်းတယ်"

"ဘာလဲ၊ ခင်ဗျားတို့ မိန်းမရတာ စောလေခြင်းဆိုပြီး နောင်တရနေပြီလား"

လက်ဖက်ရည်ဆိုင်ဆိုတော့ ယောကျ်ားတွေက ပွင့်ပွင့်လင်းလင်း။ တံခါးမရှိ စကားဆိုကြတာ။

"ဟုတ်တယ်ဗျာ။ မိန်းမ မရသေးရင်ရအောင် ယူမှာ" ဟု တစ်ယောက်က ဆိုသည်။

ကြည်မင်းဇော်က သက်ပြင်းကြိတ်ချမိသည်။

အဝေးက မြင်ကြရုံနဲ့တင် သည်လောက် စိတ်ဝင်စားနေကြတာ။

သူမနှင့် ပတ်သက် ဆက်နွယ်နေသော အသိုင်းအဝိုင်းက သူတွေဆို ဘယ်လောက်အထိအောင် အလုအယက် ပိုးပန်းချဉ်းကပ်နေကြမလဲ။





"ခြေတစ်လှမ်း ကုဋေတစ်သန်း" မုံစံကလေးနှင့် "မိန်းကလေးတို့ ကြွေ ရွှေပေးလို့မရ" ဆိုသော မျက်နှာထားကလေးကြောင့်လည်း ပိုပြီး ဂုဏ်ရှိန်မြင့်မားသွားရတာပါ။

အနေအထိုင် ပိရိတာ၊ အဝတ်အစားဝတ်တာ ရိုးရှင်းမျက်စိအေးတာ၊ ဆံပင်ရှည်ကြီးကို လှပစွာ ပိုင်ဆိုင်ထားတာ။

တခြား ကောင်မလေးတွေနှင့် သိပ်မတူဘဲ သီးခြားကွဲထွက်ကာ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ကလေးမို့ ပိုပြီး မက်မောချင်စရာ ဖြစ်နေတော့သည်။

ပဥ္စမနေ့မှာတော့ သူမကို သူ တွေ့ခွင့်မရ။

အကြာကြီး ထိုင်စောင့်ပေမယ့် ရောက်မလာ။

ဘာများဖြစ်လို့ပါလိမ့်။

မနေ့က ဆွယ်တာလက်ရှည်ကလေးနှင့်ဆိုတော့ နေမျှား မကောင်း၍လား။

သူ လျှောက်တွေးကြည့်မိသည်။

မနက်တိုင်း မြင်နေကြမို့ မမြင်ရတော့ စိတ်ထဲ ဘဝင်မကျ။ ကသိကအောက် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖန် သဘက်ခါ ဆက်ပြီး ဆက်ပြီး မတွေ့ရတော့လျှင်ဟု တွေးမိကာ ဖောချွေးပျံပြီး စိတ်တွေ ပူလောင်လာမိသည်။

ဘာမှ မသိဘဲ ဘယ်လို လုပ်ရမှာမလဲ။

တစ်ခုခုတော့ သိထားမှ ဖြစ်မည်။

ထိုင်ကြည့်နေရုံနှင့် မရတော့ပါ။

သူ စိတ်တင်းတင်းထားမိသည်။

မနက်ဖြန် မနက် လျှောက်လာလျှင် နောက်က လိုက်ကြည့်တော့မည်။ မနက်ဖြန် မနက်တော့ သူကလေးလာကို လာမှာပါ။

စ,ပင်မစရသေးဘဲ ဇာတ်လမ်းတစ်ပုဒ် အဆုံးသတ်သွားမှာ မလိုလားပါ။

သည်ဇာတ်လမ်းကို သူ အဆုံးမသတ်ချင်။

သည်ဇာတ်လမ်းကလေးကို တစ်သက်လုံး အသက်ဝင်နေစေချင်သည်။





ဆဌမနေ့မှာတော့ နုံ့သာရောင်ဝတ်စုံကလေးနှင့် ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားသော ကိုယ့်ညို့မင်းသမီးလေးကို မြင်ခွင့်ရ၏။

မြတ်နိုးသော မျက်နှာကလေးကို တစ်ချက် ငေးမောကာ ကြည့်မိရင်း လက်ဖက်ရည်ဖိုး မြန်မြန်ရှင်းကာ မယောင်မလည် လိုက်လာခဲ့၏။

တကယ့်လက်တွေ့မှာ စိတ်ကူးထဲကလောက် မလွယ်ကူပါ။ ဖျတ်ကနဲ အနားကပ်ကာ စကားပြောဖို့ သူ လုံးဝသတ္တိမရှိ။

ခပ်လှမ်းလှမ်းက လျှောက်ရင်း သူ သက်ပြင်းရှိုက်မိ၏။ ဆက်လိုက်နေလည်း အပိုပါ။

သူမကို ကြည့်ရတာ ခပ်ဝေးဝေးအထိ လျှောက်မည့်ပုံ။ မနက်တိုင်း သူမ ဘယ်ကို သွားပါလိမ့်။

ညနေပိုင်း သူစောင့်ကြည့်ခဲ့တာ ခုနစ်ရက်မြောက်နေ့က စပါသည်။

ထူးဆန်းတာက ညနေ သူမကို မတွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ညနေပိုင်းဆို လုံးဝမအားတာမို့ သုံးရက်ခန့် စောင့် ကြည့်ပြီးနောက် မကြည့်နိုင်တော့ပါ။

သေချာတာက မနက်စောစော။

မနက်ဆို သူလည်း အားလပ်သည်လေ။

သည်လိုနှင့်ပဲ ရက်တွေအများကြီး ကုန်သွားခဲ့ပြီ။ ဘာမှ တိုးတက်မလာ။ သူ ဘာဆက်လုပ်ရမည်မသိ။

သူငယ်ချင်းတစ်ယောက်ယောက်နှင့် တိုင်ပင်ပြီး နည်းလမ်းရှာရမလား။ အကြံဉာဏ် တောင်းရမလား။

တစ်ခုခုတော့ လုပ်ရတော့မည်။

✸



"ဟိုမှာ မင်း ကောင်မလေး လာနေပြီ"

ဖိုးပြည့်က ကြည်မင်းဇော် ဒူးခေါင်းကို တစ်ချက်ပုတ်ကာ လှမ်းပြောပေမယ့် သူ လှည့်မကြည့်ပါ။

"ကိုကြည်"

"ဖိုးပြည့်ရာ နေစမ်းပါ၊ ဘာမှ ငါ့ ကောင်မလေး မဟုတ်ဘူး၊ မဟုတ်တာတွေ လျှောက်မပြောစမ်းနဲ့"

"အေးပါ၊ ဟိုမှာ လာနေပြီ၊ တည့်တည့်ပဲ"

"သူဟာသူ လာတာ ဘာဖြစ်လဲ၊ သူလည်း သင်တန်းသူပဲဟာ၊ ဒီနေရာကို လာပိုင်ခွင့်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည်မင်းဇော်က စိတ်မရှည်သံ ဆတ်ဆတ်နှင့် ပြန်ပြောလိုက်၏။ ကြိုက်ကို မကြိုက်ပါ။

"ဆရာ"

ချိုညက်သော အသံကလေးကြောင့် ဖိုးပြည့်မျက်နှာကြီးက ပြုံးသွားပေမယ့် သူကတော့ ခပ်တည်တည်။

အကြောင်းမရှိ အကြောင်းရှာပြီး အနားရောက်ရောက်လာတာကို သူသိသည်။

"မဆွတ်ခင်က ညွတ်နေပြီဗျ" ဟု ဖိုးပြည့်က ပြောင်ကြီး ချပြောလာသည်။

"ကိုဖိုးပြည့် ဘာပြောတာလဲ"

"ဘာမှမဟုတ်ပါဘူး။ ညကဇာတ်လမ်းအကြောင်း ပြောနေကြတာပါ"

"ဟွန်းနေဦး . . သက်လျှာ အကြောင်း ပြောရဲပြောကြည့် မလွယ်ဘူး"

"မပြောရဲပါဘူး"





ဖိုးပြည့်က လက်ကာပြသည်။

"ဒီမှာ ဆရာ့အတွက် ကြာဖံကြော်နဲ့ ကော်ဖီ ယူလာတာ"

"အတော်ပဲ"

"ကိုဖိုးပြည့်အတွက် မဟုတ်ပါဘူး"

ငွေသက်လျှာကိုကို၏ စကားကြောင့် ဖိုးပြည့်မျက်နှာကြီးပျက်ကာ "နည်းနည်းတော့ စားမှာပဲ" ဟု ချေးဆစ်လိုက်၏။ သက်လျှာက မျက်စောင်းရွှယ်သည်။

"ဆရာ ဖုန်းလာနေပါတယ်" ဟု သင်တန်းသူကောင်မလေးတစ်ယောက်က လာပြောသည်။

ဖုန်းက ရှေ့ဆုံးထောင့်က စားပွဲမှာ ရှိတာ။

ကြည်မင်းဇော်နှင့် ဖိုးပြည့်က ပြတင်းပေါက်ဘေး သွားထိုင်နေကြတာ မဟုတ်လား။

"ဟက်လို"

"ဆရာ ကြည်မင်းဇော်လား"



www.burmeseclassic.com

"ဟုတ်ပါတယ်"

"ကျွန်တော် ဒါရိုက်တာ လူခန့်ပါ၊ ကြည့်မင်းဇော်တို့သင်တန်းက မော်ဒယ်ကောင်မလေး တစ်ယောက်ကို ကြော်ငြာအတွက် ခေါ်ချင်လို့ပါ"

"ဪ . . ဟုတ်ကဲ့"

ကြည့်မင်းဇော် ဝမ်းသာသွား၏။

တပည့် မော်ဒယ်မလေးတွေက တစ်ယောက်တစ်မျိုး လှပချစ်စရာ ကောင်းပါသည်။

မကြာခဏလည်း ဖိတ်ကြားခံရသည်။

ကြော်ငြာအတွက် ခေါ်တတ်ပါသည်။

"ငွေသက်လျှာကိုကို ကို ခေါ်ချင်တာပါ"

"ဗျာ"

သည်သင်တန်းကို ရောက်လာတာ ဘာမှ မကြာသေးသော အသစ်စက်စက် မော်ဒယ်ကောင်မလေး။

သက်လျှာကို သူတို့ ဘယ်လိုသိသွားပါလိမ့်။





နဂိုကတည်းက သိကျွမ်းတာလား။

"တစ်နေ့က ကျွန်တော်တို့ပွဲကို ဆရာနဲ့ မော်ဒယ်လေးတွေ ငါးယောက် ပါလာတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီထဲမှာ ငွေသက်လျှာကိုကို ကို ပြောတာပါ။ လုပ်ငန်းရှင်က မျက်နှာကလေး တအားချိုလို့ သဘောကျတယ်တဲ့၊ အသစ်စက်စက်နဲ့ ရိုက်ချင်တယ်တဲ့လေ"

"ဪ . . ဟုတ်ကဲ့"

"အဲဒါ ကျွန်တော်တို့ . . ."

"ရပါတယ်၊ ကျွန်တော့်ဆီပဲ လာခဲ့လိုက်ပါ"

"အိုကေ . . အိုကေ . . . ကျေးဇူးပဲဗျာ"

သူ ဖုန်းချပြီးသောအခါ ဖိုးပြည့်နှင့် စကားပြောနေသည့် ငွေသက်လျှာကိုကို ကို လှမ်းကြည့်မိ၏။

ရောက်လာတာဖြင့် ဘာမှ မကြာသေး။

သူကလေးက ဆန်းကောင်းလွန်းလှပါလား။

www.burmeseclassic.com



တီဗွီကြော်ငြာအတွက် ချက်ချင်း ကမ်းလှမ်းခံရသည်
လုံးဝ မထင်ထားတာမို့ အံ့အားသင့်သွား၏။

တီဗွီကြော်ငြာ လက်ခံရရှိတာ သိလျှင် ဘဝင်မြင့်သွား
ဦးမလား မသိနိုင်။

အစကတည်းက ရောင့်တက်နေတာ။

"ကိုကြည် ဘယ်က ဖုန်းလဲဗျ"

ဖိုးပြည့် မေးလာ၏။ သူက မဖြေ။

ငွေသက်လျှာကိုကို ရှေ့မှာ ချက်ချင်း မပြောချင်
သေးပါ။

သူ့ကို တစ်ချက်ကြည့်ကာ သက်လျှာကိုကိုက လှည့်
ထွက်သွား၏။

အကောင်းပါးသည်။

အရိပ်အကဲ နားလည်သည်။

သူ့ရှေ့မှာမို့ ဖိုးပြည့်မေးတာကို မဖြေမှန်း သိသည်

"ဆရာရေ . . . ဖုန်း"





သည်တစ်ခါတော့ သူ ဖုန်းရှိရာ စားပွဲမှာပဲ ထိုင်ချ
လိုက်တော့သည်။

ဖိုးပြည့်က သူ့စားပွဲနား လျှောက်လာ၏။

"ဟက်လို . . . ဟုတ်ကဲ့ပြောပါ"

"ဆရာကြည်မင်းလား"

"ဟုတ်ပါတယ်"

"ဆရာရေ့ ဒီနေ့ထုတ် ဂျာနယ်ထဲမှာ ပါတဲ့ ဓာတ်ပုံ
လေးထဲက အနီရဲကလေးနဲ့ မျက်နှာသစ်ကလေးက
ဘယ်သူလဲ"

ကြည်မင်းဇော်က ဖုန်းခွက်အုပ်ထားပြီး ဖိုးပြည့်ကို
မေး၏။

"ဂျာနယ် ရောက်ပြီလား"

"ဟုတ်ကဲ့ ရောက်ပါပြီ"

"ခဏ ကြည့်စမ်း၊ အနီရဲလေးနဲ့တဲ့"

"ဩော် . . အဲဒါ သက်လျှာကိုကို လေ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မင်းဇော်က ခပ်တိုးတိုး ပြန်ဖြေလိုက်၏။

''မော်ဒယ် ငွေသက်လျာကိုကို ပါ''

''အင်း . . အဲဒါလေ၊ အဲဒီတစ်ယောက်နဲ့ ပိုစတာ ရိုက်ချင်လို့ပါ ကူညီပါဦး''

''ပိုစတာလား''

''ဟုတ်ပါတယ်''

''ကျွန်တော် ပြန်ဆက်သွယ်ပါ့မယ်၊ ဖုန်းနံပါတ်ပေးခဲ့ ပါ''

သူက ဖိုးပြည့်ကို လှမ်းကြည့်တော့ ဖိုးပြည့်က ဘောပင် အဆင်သင့်။ ဖုန်းနံပါတ် မှတ်ထားဖို့ပါ''

ငွေသက်လျာကိုကို ကို ဘာလို့ သတိထားမိကြ တာလဲ။ သဘောကျပုံချင်းလည်း တူသည်။

sweet (ချို) ဖြစ်လို့တဲ့။

''ဘာတဲ့လဲ ကိုကြည့်၊ ကျော်ငြာလား''

''ပိုစတာ''





''ကောင်းတာပေါ့''

''စောစောက တီဗွီ ကြော်ငြာ''

''သူပဲလား''

''ဟ . . ဘာယ်ဆိုးလို့လဲ၊ ဆန်းက ကြောက်ခမန်း လိလိပဲ၊ ဒါမျိုး ရခဲတယ်''

ကြည့်မင်းဇော်က ငွေသက်လျာကို သိပ်သဘော မကျချင်။

သူမ ပုံစံကလေးက ပျော့ပျော့ရွှင်ရွှင်နှင့် ဘာကိုမှ တလေးတနက် ခံစားတတ်ပုံမရ။

အင်မတန် ချစ်စရာကောင်းသော မျက်နှာကလေးနှင့် ညို့ယူဖမ်းစားနိုင်စွမ်း ရှိတာတော့ အမှန်ပါ။

သူငြင်းလို့လည်း မရ။

သို့ပေမယ့် သူ့ ရင်ထဲ ဘဝင်မကျလှ။

ဘာသဘောနှင့် သူ သင်တန်းကို ရောက်လာတာလဲ။ သူ့ကို ဆက်ဆံပုံ ကြည့်ရတာ အစောကြီးကတည်းက သိနေ ပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကောင်းတစ်ယောက်အနေနှင့် သည်ကောင်မလေး ငါ့ကို ရှုးရှုးမူးမူး စွဲလန်းပြီး အကြောင်း ကောင်းရှာကာ သည်သင်တန်းလာတတ်တာပါဟုတော့ မပြောချင်ပေ။

သို့သော် မသက်ာတာတော့ အမှန်။

လိုအပ်တာထက် ပိုမို လိုက်လှဲလွန်းသော ဆက်ဆံရေးမျိုးကို သူမနှစ်သက်ပါ။

နွေးထွေးသော မျက်လုံးများ၏ အဓိပ္ပါယ်တစ်မျိုး ပါဝင်သော အကြည့်ကိုလည်း သူမကြိုက်။

သည်သင်တန်းမှာ ကိုယ်က ဆရာ။

သူကတပည့် သင်တန်းသူတစ်ယောက်ပါ။

ရှိသေလေးစားမှုနှင့် စည်းတစ်ခုတော့ ရှိသင့်သည်။

သူက မော်ဒယ်သင်တန်းဖွင့်ထားပေမယ့် ဘာနာမည်ပျက်မှ မရှိခဲ့ပါ။





မော်ဒယ်ဆရာတစ်ယောက်အနေနှင့် သူ့သင်တန်းသူ မော်လယ်ကောင်မလေးတွေကို ညီမရင်းလေးတွေ လိုပဲသဘောထားသည်။

သူ့ချစ်သူ သူ့အိမ်ထောင်ဖက်သည် သူ့တပည့်မော်ဒယ်ကောင်မလေး တစ်ယောက်ယောက် ဘယ်တော့မှမဖြစ်စေရပါ။

အဲဒါ သူ ခံယူချက်။

သူ ဆုံးဖြတ်ချက်။

အလုပ်အပေါ်ထားသော သူ့သစ္စာပါ။

သင်တန်းသူ မော်ဒယ်ကောင်မလေးတစ်ယောက်ယောက်က ငယ်စိတ်နှင့် ရှုးရှုးမိုက်မိုက် ရင်ခုန်လာလျှင်လည်း သူက ရှောင်ရှားဆင်ခြင်မှာပါ။

ဖုန်းထပ် တစ်ခေါက် မြည်လာတော့ ဖိုးပြည့်က ကိုင်လိုက်၏။

ပြီးတော့ သူ့ကို လှမ်းပြောလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနီရဲလေးတဲ့"

ကြည်မင်းဇော် ပြုံးမိ၏။

ဘယ်လိုကြောင့်ပဲ သင်တန်းကို ရောက်လာ ရောက်လာ အခုလို သင်တန်းဂုဏ်တက် အောင် လုပ်ပေးနိုင်သော ကောင်မလေးကို သူ အသိမှတ်ရပါမည်။

ချီးမွမ်းရပါမည်။ (Congratulation) (ကွန်ဂရက်ကျူလေးရှင်း) ဂုဏ်ပြုသင့်ပါသည်။

သို့ပေမယ့် သူ နှုတ်ဆိတ်နေမိ၏။ အသိမပေးဘဲ နေမိ၏။

ဘယ်လိုပုံစံနှင့် ပြောပြရမလဲ စဉ်းစားနေ၏။

"ကိုကြည် . . သက်လျာကိုကိုက မင်္ဂလာပန်းကြဲပေးဖို့ ဖိတ်တာက တစ်ခု၊ Live Show မှာ ကူညီပေးဖို့က တစ်ခု၊ နောက်တစ်ခုက ပြကွဒိန်။"

"အင်း"

ဖိုးပြည့်က အားတက်သရော မရှိလှသော သူ့ကို နားမလည်နိုင် ဖြစ်ကာနေ၏။

ဉာဏ်ဝင်းစာပေ



ခါတိုင်းဆို သည်လို အေးတိအေးစက်မဟုတ်။

သူ့တပည့် မော်ဒယ်လ်ကောင်မလေးတွေ အရေးတယူ ဖိတ်ကြားခံရလျှင် မျက်နှာကြီးပြုံးပြီး ဂုဏ်ယူမဆုံး။

ခုကျမှ ရေခဲတုံးကြီး လုပ်နေသည်။

ဘယ်လို ဖြစ်သွားရတာလဲ။

ငွေသက်လျာကိုကိုကျမှ အောင်မြင်မှုကို အသိအမှတ်မပြုနိုင်။ ပီတိ မဖြစ်နိုင်ပဲ ရှိနေသည်။

"စာချုပ် မချုပ်ရသေးဘူး"

ဖိုးပြည့်က သတိရသွားသလို ပြောလာ၏။

"စီစဉ်လိုက်ရမလား စာချုပ်ချုပ်ဖို့"

ဖိုးပြည့်က သတိရသွားသလို ပြောလာ၏။

"စီစဉ်လိုက်ရမလား စာချုပ် ချုပ်ဖို့"

ကြည်မင်းဇော် စဉ်းစားနေမိ၏။

သည်ကောင်မလေးကို ကြာကြာမြဲမြဲ သင်တန်းလာတက်လိမ့်မည်ဟုလည်း မယုံခဲ့ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် ကြိုးစားလိမ့်မည်လည်း မထင်။

လုပ်နိုင်မှာ မဟုတ်ပါဘူးဟုပဲ ထင်ထားခဲ့သည်။

ဖိုးပြည့်က ဗီရိုဆွဲဖွင့်ကာ စာရွက်စာတမ်းရှာ၏။

လုပ်ထုံးလုပ်နည်းအရ သူလုပ်တာမမှား။

''ဒီနေ့ပဲ စာချုပ်လက်မှတ်ထိုးနိုင်ရင် ကောင်းမယ်''

''ခဏ နေပါဦး''

''ဘာလို့လဲ''

''သူ့ကို ကြည့်ရတာ လုပ်နိုင်မယ် မထင်ဘူး''

''ဒီအခွင့်အရေးတွေကို သူ မိမိရရ ဖမ်းဆုပ်မှာပါ။ လက်လွှတ်ခံမှာ မဟုတ်ပါဘူး။ ဒီခေတ်လူငယ်ပဲ။ အောင်မြင်မှုဆိုတာ လူတိုင်း မက်မောတာချည်းပဲဆို''

သူ့စကားနှင့် သူ့ကို ပြန်မေးလာ၏။

''ခဏခေါ်လိုက်ကွာ၊ မေးကြည့်ရအောင်''

သူ့ကို ဂရုစိုက်လွန်းပေမယ့် သူက လုံးဝ အရေး မလုပ်ဘဲ ပစ်ထားခဲ့သော ချာတိတ်မကို အရေးတယူ မေးမြန်း ပြောဆိုစရာ ဖြစ်လာခဲ့၏။





''ထိုင်ဦး''

ငွေသက်လျာကိုကိုက သူ့ရှေ့ရှိ ခုံမှာ ဝင်ထိုင်ပြီး သူ့စကားကို မော့ကြည့် နားစွင့်နေ၏။

''တီဗွီကြော်ငြာ လုပ်နိုင်မလား''

''ရှင်''

''ဖြစ်ဖြစ်မြောက်မြောက် လုပ်ပေးနိုင်မှ လုပ်ပါ။ မပီပြင်ရင် အေဂျင်စီ နာမည် ထိခိုက်မယ်''

သူ့စကားတွေက မာကျောစိမ်းပြတ်လွန်းသလိုပါ။

သည့်ထက်ပိုပြီး ပျော့ပျောင်းနူးညံ့၍ မရတော့ဘူးလား။ ဘာလို့များ သူ့ဘက်က ခက်ထန်အေးစက်နေရတာပါလိမ့်။

တီဗွီကြော်ငြာရိုက်ဖို့ စိတ်ကူးမရှိပါ။ ကမ်းလှမ်းလာတာကိုလည်း အံ့သြသည်။

ယုံကြည်စိတ်၊ လုပ်ရဲစိတ် ပြီးတော့ အတွေ့အကြုံ ဘာဆိုဘာမှ မရှိပါဘဲ အစိမ်းသက်သက် စ,ရမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မရိုက်ချင်ဘူး" ဟု ငြင်းမလို့ပါ။

သို့သော် အထင်သေး အမြင်သေးကာ လူတစ်ဖက်သားကို လျှော့တွက်လွန်းသော ဆရာ . . ။

ငွေသက်လျာကိုကိုက ဖြစ်အောင် လုပ်ပြရတော့မည်။ အစွမ်းအစကို ထုတ်ပြမှ ယုံမယ်ဆိုရင်လည်း မလွှဲမရှောင်သာ ထုတ်ပြရတော့မည်။

"ဘာပစ္စည်းလဲဟင်"

အောင့်သက်ခံပြင်းစိတ်ကို ထိန်းကာ မေးလိုက်၏။

"မသိသေးဘူး"

"သိချင်တယ်၊ သက်လျာ လုပ်ကြည့်ချင်ပါတယ်"

ကြည်မင်းဇော်က ဘာဆက်ပြောရမှန်းမသိ။

တမင် အရှက်ခွဲဖို့တော့ မဟုတ်လောက်ပါဘူး။

သူ စိုးရိမ်မိသည်။ လုံးဝ စိတ်မချပါ။ သည်ကောင်မလေးကို မယုံရေးချ မယုံ။

"ပြီးရောလေ၊ ချိန်းလိုက်တာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုယ့်





သိက္ခာ၊ အေဂျင်စီ သိက္ခာတော့ ထိခိုက်အောင် မလုပ်ပါနဲ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

အလွန်တစ်ရာ ဝမ်းနည်းခံပြင်းကာ ခေါင်းညိတ်မိသည်။

သူ့စိတ်ထဲမှာ ကိုယ့်ကို အင်မတန် အထင်သေးနေပါရောလား။

ကိုယ့်စိတ်ကို သူက လှစ်ဟာမြင်နေခဲ့ပြီလား။

သူ့အပေါ် နှစ်သက်သဘောကျလို့သာ ကိုယ်က သည်သင်တန်းကို ရောက်လာခဲ့တာပါ။

အမှတ်မထင် တွေ့လိုက်သော သူ့ကို နှလုံးသားက တမ်းတမ်းစွဲ ဖြစ်သွားမိချိန်မှာ ဘရိတ်အုပ် အရှိန်လျှော့၍ မရတော့ပါ။

ကိုယ့်နှလုံးသား သူရှိရာအရပ်ကို ညွှန်ပြသည်။ စေခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နှလုံးသား၏ ပထမဦးဆုံးအမိန့်ကို ကိုယ် မလွန်ဆန်ရက်ပါ။

စိတ်အလိုလိုက်ကာ သူ့ရှိရာလာခဲ့သည်။

သူ့ရှေ့မှောက် ရောက်လာသည်။

မျှော်လင့်စောင့်စားခွင့်သာ ရှိသော

ရေလာမြောင်းပေး လုပ်ခွင့်သာရှိသော

မိန်းမသားဘဝမှာ ကိုယ် ဘာတတ်နိုင်မှာလဲ။

ကိုယ့်ကြောင့် ငွေသက်လျာကိုကိုကြောင့် မိန်းမရေး မကျစေရပါ။

ကိုယ်က မိန်းမရေးဖျက်မည့်သူ မဟုတ်။

မပြောဘဲ သိလာအောင် ကြိုးစားခွင့်တော့ ကိုယ့်မှာ ရှိပါသည်။

မျက်လုံးတွေထဲက ကိုယ့်ဆန္ဒကို သူတစ်နေ့နေ့ သိချင် သိလာမှာပါ။

မသိချင်ဟန်ဆောင်ပြီး နေချင်လည်း နေလိမ့်မည်။





''အိုကေ . . . ဒါဆို ပြန်ချိတ်ပေးမယ်''

ကြည်မင်းဇော်က ပြောလိုက်၏။

စကားဆုံးပြီးမှ သက်လျာက မတ်တတ်ရပ်သည်။

''ခဏနေဦး ပြက္ခဒိန်တို့ ပိုစတာတို့ ရိုက်နိုင်တယ် ဟုတ်လား''

''ဟုတ်''

သက်လျာက သူ့ကို မျက်လုံးရွဲကြီးနှင့် မော့ကြည့်၏။

ဆရာ အထင်မသေးအောင် သက်လျာ လုပ်ပြမှာပါ။ သက်လျာရဲ့ လုပ်ဆောင်ချက်တွေကို ဆရာ အသိအမှတ် ပြုလာစေရမယ် စောင့်ကြည့်။

✹



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကိစ္စ တိုင်ပင်ပြောဆို ဆွေးနွေးကြချိန်မှာ သက်လျာဘေးမှာ သူလည်း ရှိနေပါသည်။

သူ ပါလာတော့ သက်လျာ အားရှိသည်။

ဝင့်ပါပဲ ဆရာရယ် ဝင့် . . ဝင့်။

သက်လျာ ဘယ်လို ဝင့်ရှိလို့များ ပေးဆပ်နေရသလဲ။

ဆရာမှ ဆရာဖြစ်နေသော နှလုံးသားကို ဘယ်လိုများ ဆုံး မပြုပြင်ရမလဲ။

ဆရာကဖြင့် သက်လျာကိုဆို ရှောင်ဖယ် ရှောင်ဖယ် ရှုံ့မှန်းစက်ဆုပ်နေပုံကြီး။

သိပါတယ်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်လျှာ သိပါတယ် ဆရာ။

ဆရာ သက်လျှာကို စိတ်ပျက်နေတာ မဟုတ်လား။

အနှောင့်အယှက်လို့ မြင်နေတယ်မဟုတ်လား။

''ကလေးမလေး ပြောတာ ကြားရဲ့လား''

ဒါရိုက်တာ၏ စကားကိုပင် မကြားနိုင်လောက်အောင် စားပွဲပေါ် လက်ကလေး ထောက်ကာ ကြည်မင်းဇော်ကို ငေး ကြည့်နေလိုက်တာများ။

ကြည်မင်းဇော်က ညှော်သည်တွေရှေ့မှာ မျက်နှာကြီး ထူပူအောင် ရှက်သွားမိရင်း သက်လျှာကို ဝေါက်လိုက်၏။

သက်လျှာက ခုမှ ပျာပျာသလဲလေးနှင့်။

''ဟင် . . ရှင် . . . ဘာလဲဟင်''

ဟု မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်ကာ မေးတော့ သည်။

ဒါရိုက်တာကြီးက နားလည်ခွင့်လွှတ်သော အပြုံးနှင့် ဖွဖွမယူဘဲ။





အကောင်းဆုံးဖြစ်အောင် ကလေးမဖြစ်ချင်တာ လေးလည်း ပြောပါအုံး ဟု ထပ်မေးသည်။

ငွေသက်လျှာကိုကိုက တစ်ချက် စဉ်းစားပြီး . . .။

''သက်လျှာ တယောကောင်းကောင်း ထိုးတတ် တယ်၊ အဲဒါလေးရော အသုံးတည့်မလားဟင်''

ဟု မေးလိုက်၏။

''ဟုတ်လား''

''ပြီးတော့ ဘော်လီဘောလည်း ကောင်းကောင်း ကစားတတ်ပါတယ်ဆရာ''

''အင်း''

''ရေကူးလည်း ဖြစ်တယ်ဆရာ''

''ဟုတ်ပြီ နောက်ထပ်ရော''

''နောက်ထပ် . . ပန်းချီဆွဲတတ်တယ်''

ကြော်ငြာရိုက်ကူးပေးမည့် ဒါရိုက်တာက ငွေသက်လျှာ ကိုကို ကို သဘောကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံလေးတွေစုံအောင် ရိုက်ပြီးမှ အကောင်းဆုံးဖြစ်အောင် ပြန်လုပ်ကြတာပေါ့"

ကြည်မင်းဇော်က ငွေသက်လျှာစကားတွေကို မယုံတစ်ဝက် ယုံတစ်ဝက်ပါပဲ။

တကယ်မဟုတ်ဘဲ လျှောက်ကြွားနေလျှင်တော့ ကြော်ငြာရိုက်ကွင်းမှာ အလိမ်ပေါ်တော့မည်။

အဲဒီလိုသာဆို ဘယ်လိုလုပ်ရပါ့မလဲ။

သူ တွေးပူနေမိ၏။

သူ့ကို အရွဲ့တိုက်ချင်စိတ်နှင့်များ လျှောက်ပြောနေရောသလား။ စဉ်းတော့ စဉ်းစားစရာပင်။

ဖိုးပြည့်ကတော့ အဟုတ်မှတ်ကာ မျက်နှာကြီးပြုံးစိစိဘာမှ နားလည်တာလည်း မဟုတ်။

သူနှင့် ငွေသက်လျှာကိုကိုကြားမှာ Slow Down တစ်ခု ခံနေတာ သူပဲ သိသည်။

'အသံတိတ်ပြိုင်ဆိုင်နေကြတာ။ အနိုင်လုနေကြတာ။



သူကလည်း သူ ကန့်သတ်ထားသော စည်းကို ကျော်လာခွင့် လုံးဝ မပြု။

ငွေသက်လျှာကိုကိုကလည်း ဖွဲ့ကြီးကြီးနှင့် မရမကသူ့ကို တိုက်ခိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

ဖိုးပြည့်စကားကြောင့် သူတုန်လှုပ်သွား၏။

ထင်ထားခဲ့သလိုပဲ သူ့ကို ငွေသက်လျာကိုကို အိုးမဲ သုတ်လိုက်ပြီလား။

"မင်းကို ဘယ်သူ ပြောတာလဲ"

ကမန်းကတန်း မေးမိသည်။

ရင်ထဲမှာ လေးပင်သွား၏။

ပျက်ချော်ချော် ပြောင်စပ်စပ် လုပ်ရအောင် ကစား နေကြတာ မဟုတ်ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေကြတာပါ။

"သူ့သူငယ်ချင်းမလေး ပြောတာလဲ"

ကြည်မင်းဇော် ငိုင်တွေသွား၏။

သည်နေ့ ကျော်ငြာရိုက်ကွင်းရှိသည်။

"ငါတို့ လိုက်သွားကြည့်ရအောင်"

"စိတ်မချတော့ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ငါ အရမ်း စိတ်ပျက်တယ်၊ ဒေါသ လည်း ဖြစ်တယ်၊ ဘာမှ မတတ်ဘဲနဲ့ ပါးစပ်က ထွက်သမျှ လျှောက်ပြောရလားကွ"

"သူ့ကို အထင်ကြီးအောင် ဖြစ်မှာပေါ့"

"ကြွားစရာလား၊ ညာစရာလား၊ ပေါ်မှာပဲဟာ"

ဖိုးပြည့်က ပခုံးတွန့်ပြသည်။

သူ ချက်ချင်းပဲ ရိုက်ကွင်းရှိရာ လိုက်လာမိ၏။

အမှားအယွင်း မရှိစေချင်။

သူက လေးနက်သော ရည်ရွယ်ချက်နှင့် သည် သင်တန်းဖွင့်ထားခဲ့တာပါ။





ဒါတွေလည်း ငွေသက်သျှာကိုကိုက နားလည် သဘောပေါက်မှာ မဟုတ်။

တန်ဖိုးထားတတ်မှာ မဟုတ်။

ဘာပဲဖြစ်ဖြစ် သည်ကောင်မလေးက ပြီးစလွယ် သဘောထားပြီး ပစ်စလက်ခတ် လုပ်တတ်သူ။

✸



www.burmeseclassic.com

www.burmeseclassic.com

သူရောက်သွားချိန်မှာ အံကိုက် ကွက်တိပါပဲ။

တယောတီးသော အခန်းကလေးကို စရိုက်ဖို့ ပြင်ဆင်နေကျပြီ။

ကောဖေခင်းထားသော အခန်းထဲမှာ လှပသော ခုံကလေးနှင့် ကြော်ငြာမည့် ကုန်ပစ္စည်းကို တင်ထားပြီး ငွေသက်လျာကိုကို ကို မတွေ့ရသေးပါ။

"မရောက်သေးဘူးလား ချာတိတ်မ"

"လာနေပြီတဲ့"

ဒါရိုက်တာက ငွေသက်လျာကိုကို ကို မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"လာတာနဲ့ စမယ်"

"ဟုတ်ကဲ့ . . . ဟိုမှာ လာပြီ"

ငွေသက်လျှာကိုကိုက ခုမှ ရောက်လာသည်။

ဒူးဆစ်ဖုံးဂါဝန် အကပ်ကလေးနှင့် တယောအိတ်ရှည်အနက်ကလေးကို လက်ထဲ ဆွဲထားသည်။

"အင်္ကျီလဲရဦးမယ်"

မိတ်ကပ်ဆရာက ခပ်တိုးတိုး ပြောဆိုပြီး ခေါ်သွား၏။

လက်ပိုက်ရပ်နေသော သူ့ကို သက်လျှာက လှမ်းကြည့်သည်။

သူက ရယ်ပြုံးခြင်း ကင်းလျက် ခပ်တည်တည်။

သက်လျှာက အခန်းထဲ ဝင်လာပြီး ဂါဝန်ရှည်ဖားဖားကြီးကို လဲလှယ်ဝတ်ဆင်ရပါသည်။

သက်လျှာကို ကောင်မလေး နှစ်ယောက်က ကူဝတ်ပေးသည်။

ဂါဝန်နားစ,က ဟိုးအထိ အရှည်ကြီး မဟုတ်လား။

အရောင်က လှပသော မင်းဂွတ်ရောင်။





အရောင်ကလေးက ဆန်းသည်။

ချုပ်ထားပုံက ပိုဆန်းသည်။

ပခုံးမှာ ကျစ်ဆံမြီးလေးနှစ်ခု ကျစ်ထားပြီး သိုင်းထားသည်။

ဆံပင်ကို အကွက်ဖော်ပြီး ဂါဝန်ရှည် အရောင်ကလေး ဆေးဖျန်းပေးထားတာက မိတ်ကပ်ပြင်ဆရာ၏ စိတ်ကူး။

"ရပြီ"

ကောင်မလေးနှစ်ယောက်က ရှည်လျားသော ဂါဝန်အနားစကို မ,ပေးထားပြီး ထွက်လာခဲ့၏။

မီးတွေ ထိုးထားသော အခန်းထဲမှာ အားလုံးအဆင်သင့် ဖြစ်နေပါပြီ။

"သမီး သီချင်းကြိုပေးထားတာ . . . အိုကေပြီလား"

"ဟုတ်ကဲ့"

"လာ . . . သမီးက ဒီနားလေးမှာ ရပ် ဟုတ်ပြီ၊ နွဲ့နွဲ့ကလေးရပ်၊ တယောပေးပါဦးကွာ၊ ဒီ ဂါဝန်စကို ဟိုးဘက်ထောင့်က ခုံကလေးစီ ဆွဲယူသွား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာက လိုအပ်တာ မှန်သမျှ ညွှန်ကြားသည်။

''ဘယ်မှာလဲ၊ ပန်းတွေ ယူလာလေ၊ ဒီအပေါ် ကြဲ လိုက် . . . အေး . . ဟုတ်ပြီ ဟုတ်ပြီ''

ဒါရိုက်တာကတယောကို ဟန်ပြ မဟုတ်ဘဲ သေချာထိုးခိုင်းပါသည်။

တယောသံကလေးတစ်ခုတည်းနှင့် Slow motion ရိုက်ယူတာ ဖြစ်ပုံရလေသည်။

ကြည်မင်းဇော်က ဘာမှ မပြောဘဲ တိတ်တဆိတ် ရပ်ကြည့် အကဲခတ်နေမိ၏။

တစ်ခုခုဆို ငွေသက်လျာကိုကိုအတွက် ဘယ်လို ပြောပေးရမလဲ။

ဝင်ထိန်းပေးရမလဲ တွေးနေမိသည်။

သာယာသော တယောသံကလေးနှင့် လှပလွန်း သော ငွေသက်လျာကိုကို၏ ဟန်ပန်ကလေးမှာ အကုန်လုံး ငြိမ်ကျ တိတ်ဆိတ်နေ၏။





ကျွမ်းကျွမ်းကျင်ကျင် တယောထိုးတတ်တာကို ဆုံထဲ မချိုးကျိုးမိဘဲ ဘာလို့ သူ စိတ်ပူအောင် လုပ်တာလဲ ဒေါကန်မိသည်။

သူမသိသိအောင် တမင် လုပ်ကြံ ပြောတာ ဖြစ်မည်။

သူ့ကို မကျေနပ်၍ တမင် ပြောမှန်း သူသိသွား၏။

တော်တော်ဆိုးသော ကောင်မလေးပါလား။

သူမှာတော့ စိတ်ပူပြီး ပြေးလိုက်လာခဲ့တာ။

တကယ်ပါပဲ။ လူကို အရူးလုပ်ချင်သည်။

လှည့်စားချင်သည်။ ခေါင်းကိုသာ နာနာခေါက်ချင် တော့သည်။

ငွေသက်လျာကိုကိုက တယောလေးကို တစ်ဖက် တံကလေးကို တစ်ဖက် ကိုင်ထားပြီး ဆရာ့ကို သွား လေးတွေ ပေါ်အောင် ရယ်ပြမိသည်။

ဘာမှမတတ်ဘဲ လျှောက်ပြောထားတာလို့ သတင်း ကြားလိုက်လို့သာ စိတ်ပူပြီး ရောက်လာတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမှ မဟုတ်ရင် ဆရာက သက်လျာကို တ

ယောက်တည်း ပစ်ထားမှာ မဟုတ်လား။

တကယ်ဆိုရင် . . .

ဆရာ ဒီထက် ရွှေးထွေးဖေးမသင့်ပါတယ်။

သက်လျာက အသစ်စက်စက်၊ ခုမှ ဘုမသိဘမသိ

စမ်းတဝါးဝါး . . . ဆရာ ဂရုစိုက်ဖို့ လိုအပ်တယ်လေ

ဘာအတွေ့အကြုံမှ မရှိသေးတာ ဆရာအသိ။

ဆရာက ဘာလို့တစ်ယောက်တည်း လွှတ်ရ

တာလဲ။

ဖြစ်ရဲ့လားလို့ တစ်ခွန်း မမေးဘူး။

ညာတာ အပြစ်ရှိပါတယ်။

ဆရာရော အပြစ်မရှိလို့လား။

သက်လျာကို ဂရုမစိုက်တာ ဆရာ့အမှားပဲလေ

ဆရာ့ အမှားကို ဆရာမြင်ပြီ မဟုတ်လား။

''ခဏနားမယ်၊ ပြီးရင် နောက်တစ်မျိုး ရိုက်ရအော

အားလုံး အဆင်သင့်ပြင်''

ညာဏ်ဝင်းစာပေ



ဒါရိုက်တာက ငွေသက်လျာကိုကို၏ တယောထိုး

ပန်းကလေးကို ပြန်ကြည့်ကာ နှစ်သက်သဘောကျစွာ

ပြုံးနေ၏။

သက်လျာက ဂါဝန်ရှည်ကြီးလဲဖို့ အကျီလဲခန်းထဲ

ဝင်သွားတော့ သူမတ်တတ်ရပ်စောင့်နေမိ၏။

''ပြောဘ် . . ဓာတ်ပုံလား။ ဟုတ်ကဲ့၊ စောစောက

ဟာတဲ့အတိုင်း . . ဟုတ်ကဲ့ . . ဟုတ်ကဲ့''

ပစ္စည်းကြော်ငြာသော လုပ်ငန်းရှင်က တယောအိတ်

ကလေးဆွဲကာ ဝင်လာသော ငွေသက်လျာကိုကို၏ သဘာဝ

ဟန်ကျကျပုံစံကလေးကို သတိထားမိပြီး ဓာတ်ပုံရိုက်ယူထား

ဖို့ တောင်းဆိုလာ၏။

''အဲဒါလေးက natural လေး (သဘာဝအတိုင်း)

ဟန် ရှိတယ်။ အရိုးဆုံးက အဆန်းဆုံးပဲ''

ငွေသက်လျာကိုကိုက ချက်ချင်းပဲ အခန်းထဲက ပြန်

ထွက်လာပြီး သူ့ဘေးနား ရောက်လာ၏။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဆရာ''

မော့်မော့်ကလေး ကြည့်ကာ ခေါ်သံချိုချိုကလေးနဲ့ ဆိုတော့ သူ တစ်မျိုး ဖြစ်သွားရသည်။

အားကိုးတကြီး ဝမ်းပန်းတသာ မျက်လုံး လက်လက်ကလေးတွေကြောင့် မဆူရက်တော့ပေ။

''ကောင်းရဲ့လားဟင်၊ ခုဏာပုံစံ''

''ကောင်းပါတယ်၊ မကောင်းရင် ဒါရိုက်တာ ပြန်ရိုက်နိုင်းမှာပေါ့။ အဆင်ပြေပါတယ်''

''ဒီနေ့ သင်တန်းကို လာဖြစ်မှာ မဟုတ်ဘူး''

''ရပါတယ်၊ အလုပ်ကိစ္စ ရှိနေတာပဲ''

''ဒီနေ့ အကသင်မှာဆို''

''မနက်ဖြန်မှ သင်မယ်''

ငွေသက်လျာကိုကို၏ မျက်နှာကလေး ပြုံးသွား၏။

''တကယ်နော်''

ကလေးလေးလို ပြန်မေးသည်။

ဉာဏ်ဝင်းစာပေ

သူ ဘာလို့ သည့်ကောင်မလေး ကျေနပ်အောင် ဆက်တရက် ပြောမိသလဲ မသိပါ။

အမှန်တကယ် ကြိုးစားပမ်းစား အလုပ်လုပ်တာ မြင်ရတော့ သနားသွားတာ ထင်ပါသည်။

ကရုဏာသက်ပြီး အလိုလိုက်မိတာပါ။

''ညနေအထိ ဆရာ နေမှာလားဟင်''

သူ့ကို မပြန်စေချင်သလို မေးလာ၏။

''သင်တန်းကို ပြန်သွားရမယ်လေ''

''ဟုတ်သားပဲ''

''တစ်နေ့လုံး နေလို့ မရဘူး''

''အင်း''

အဆင့်တက်ပြီး တောင်းဆိုတာကိုတော့ သူက လိုက်လျောမှာမဟုတ်။

တခြား မော်ဒယ်လေးတွေဆို သူက ရိုက်ကွင်းအထိ လိုက်သွားတာမျိုး မရှိ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း လုံးဝ ရည်ရွယ်ချက်မရှိဘဲ ရောက်လာတာပါ။ အညာခံရတာ။

ထားပါတော့ တစ်ခါတော့ ခွင့်လွှတ်လိုက်မည်။

ရှိပါစေလေ။

သူကလေး ကြော်ငြာရိုက်ကူးနေချိန်မှာ စိတ်အနှောင့်အယှက် မဖြစ်စေချင်။

စိတ်ချမ်းသာအောင် ထားပေးဖို့က သူ့ဝတ္တရား။

ပြန်လည်းမမေး။

ဆူလည်း မဆူမိပါ။

''ခဏာနေရင် ပြန်တော့မယ်''

''ဟုတ်ကဲ့''

ငွေသက်လျှာကိုကိုက ခေါင်းညိတ်သည်။

ဆရာရယ် . . .

အခုလို ရောက်လာတာပဲ သက်လျှာက ဝမ်းသာကျေနပ်လှပါပြီ။





ဆရာ မျက်နှာ မပျက်စေရဘူး။ ဆရာ့ အေဂျင်စီရဲ့ ဉာဏ်သိက္ခာကို သက်လျှာ ထိန်းပါမယ်။

''စိတ်ချပါဆရာ၊ သက်လျှာ ကြိုးစားမှာပါ''

''အိုကေ . . . အိုကေ''

စိတ်ကောင်းကလေးဝင်ကာ ကတိပေးတော့ ကြည်မင်းဇော် ကျေနပ်သွားရပြီ။

သည်လောက်ဆို သူ စိတ်ချပါပြီ။

ငွေသက်လျှာကိုကိုက ထင်ထားသလောက်လည်း မဆိုးလှပါ။

တစ်ခါတလေ အရမ်းနူးညံ့ပြီး ပျော့ပျောင်းလိမ္မာလွန်း၏။

✸



www.burmeseclassic.com

www.burmeseclassic.com

ငွေသက်လျာကိုကိုက ရွှေရောင်နှုတ်ခမ်းနီ အရည်လေးကို လှပသေသပ်စွာ ဆိုးသည်။

သည်နေ့ အလှပြင်နေတာ တော်တော် ကြာပါပြီ။ စိတ်ရှည်လက်ရှည်ကို ပြင်ဆင်ခြယ်သနေမိတာပါ။

မနေ့ကမှ ဝယ်လာသော ကြိုးတစ်ချောင်း ဂါဝန်ကလေးကို ဝတ်ပြီး မွှေးပျံ့သန့်ပြန့်နေအောင် စိတ်ပါလက်ပါ ပြင်ဆင်မိသည်။

အလှဆုံး ဖြစ်ချင်သည်။

အတောက်ပဆုံး ဖြစ်ချင်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်လျာကို လုံးဝ အရေးမလုပ်သော ယောက်ျား တစ်ယောက် မိန်းမောသွားစေရမည်။

သတိလက်လွတ် ငေးကြည့်ရစေမည်။

တစ်ခါမှ အခုလောက် လုချင်စိတ် မဖြစ်စေခဲ့ဘူးပါ။ အရမ်း လုချင်သည်။

စွဲမက်စရာ ကောင်းသော ရေမွှေးကိုလည်း ရွေးသုံး မိသည်။

သည်တစ်ခါတော့ သက်လျာကို ဆရာအသိအမှတ် ပြုပေးပါ။

ဆရာ့ရှေ့မှာ ပြီးပြည့်စုံသော အလှကို ပိုင်ဆိုင်ချင်ပါ သည်။

သို့မဟုတ် ဆရာ စွဲမက်စေသော အလှမျိုး ဖြစ်စေ ချင်သည်။

သက်လျာက ဆရာ့ကို အရမ်းစွဲလန်းခဲ့ရသူပါ။ ဒါကို ဆရာ မသိဘူး။

ဉာဏ်ဝင်းစာပေ



ဆရာ့စိတ်ကြောင့် သက်လျာကြိုးစားခဲ့တာတွေ အများကြီး။

သက်လျာကို ထူးဆန်းလိုက်တာဟုပဲ ပြောပြော သက်လျာက မော်ဒယ်လုပ်ရတာ ဝါသနာမပါဘူး။

မော်ဒယ် မလုပ်ချင်ပါဘူး။

အေးချမ်းစွာ နေရတဲ့ ဘဝကိုပဲ သက်လျာနှစ်သက် တယ်။

ပြီးတော့ ဆိုင်လေးတစ်ဆိုင်ကို ဦးစီးပြီး တခြား စီးပွားရေးပဲ သဘောကျတယ်။ အနုပညာနဲ့လည်း အသက် မမွေးချင်ပါဘူး။

"မေမေ"

"ဟင်"

"သက်လျာ ဒီနေ့ ဧည့်သည်တစ်ယောက်ကို ထမင်း ဖိတ်ကျွေးချင်လို့"

မေမေက သက်လျာကို စူးစမ်းအကဲခတ်လာသည်။ သက်လျာက ချက်ချင်းပဲ. . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''သင်တန်းက ဆရာပါ မေမေရယ်'' ဟု ဖြေရှင်းမိသည်။ မေမေ တစ်မျိုး ထင်မှာ စိုးလို့ပါ။

''ဘာလို့ ထမင်းဖိတ်ကျွေးချင်ရတာလဲ''

မေမေက တိတိကျကျ မေးလာ၏။

''သင်တန်းက ဆရာကို ကျေးဇူးတင်မိလို့ပါ။ အားလုံး ဆရာ ကူညီခဲ့တယ်လေ။ ထမင်းဖိတ်ကျွေးပြီး လက်ဆောင် တစ်ခုခု စီစဉ်ပေးမလို့ပါ''

မေမေက ငွေသက်လျှာကိုကို၏ စကားကို ခေါင်းညိတ်၏။

အနုပညာအလုပ်တွေကို တစ်အိမ်လုံးနှင့် ဆန့်ကျင်ပြီး သက်လျှာက လုပ်ခဲ့ရတာပါ။

ဖေဖေရော မေမေပါ လုံးဝ အားမပေး။

''မမ ရွှေခေတ္တာကိုကို'' ကလည်း အနုပညာကို လုံးဝ ဝါသနာမပါ။

''ရွှေခေတ္တာ'' ဇာဆိုင်ကိုပဲ ဦးစီးလုပ်ကိုင် အောင်မြင်လျက်ရှိပါသည်။





မမရွှေခေတ္တာက သမီးကြီးပီပီ ဖေဖေမေမေတို့ စိတ်တိုင်းကျ လိမ္မာရေးခြားရှိလှသည်။

ဖေဖေနှင့် မေမေမှာ သမီးကြီး ရွှေခေတ္တာကြောင့် ဂုဏ်တက်လှပါသည်။

ဩန္ဒြေရှင်လေးကြောင့် သက်လျှာတို့ မိသားစုကို အားလုံးက သတိထားမိလာကြသည်။

မမခေတ္တာက ဆံပင်ရှည်ကြီးနှင့် ထူးထူးခြားခြား လှပလွန်းပါသည်။

သက်လျှာကတော့ ခေတ္တာလို မဟုတ်။

ခေတ္တာနှင့် စိတ်မတူဘဲ တမူခြား တစ်ပုံစံ။

ဆန္ဒရှိရာကို ဖွဲ့နှင့် လုပ်တတ်သည်။ အေးတိအေးစက်နှင့် ခေါင်းမာသည်။

တစ်ခါတလေ ကြွပ်ဆတ်ဆတ်နှင့် ပြောရခက်သည်။

''မေမေ ... ဖွယ်ဖွယ်ရာရာလေး ဖြစ်အောင် စီစဉ်ပေးပါနော်''



www.burmeseclassic.com

www.burmeseclassic.com



ဟု သက်လျာက တောင်းဆို၏။

ဓမမေက ခေါင်းညိတ်ပြီးလျှင်တော့ သေသေချာချာ စီစဉ်ပေးမှာမို့ သက်လျာ စိတ်အေးသွားရပြီ။

မမခေတ္တာကတော့ သက်လျာ၏ တက်ကြွလွန်းသော ဟန်ပန်မူယာကို ကြည့်ကာ . . .

''အိုဗာ ဖြစ်နေတယ်နော်။ အိုဗာ (over) မရိုးသားဘူး''

ဟု လက်ညှိုးကလေးနှင့် မေးစေ့ကို လာထောက်ကာ ဆို၏။

''မဖြစ်ပါဘူး''

''ဖြစ်ပါတယ်၊ ပြော ဘယ်သူလဲ၊ ဘယ်လို ပတ်သက်နေပြီလဲ။ ညီမလေးမှာ ရည်းစားရှိနေပြီလား။ မလျှိုနဲ့နော်။ မမခေတ္တာက သိချင်လို့ပါ။ မေမေတို့ကို မပြောပါဘူး။ သိထားရုံကလေးပဲ၊ စိတ်ချပါ။ ပြန်မပြောဘူး''

မမရွှေခေတ္တာ အစ်အောက်မေးတာကို ငွေသက်လျာက ရယ်ပါသည်။





''မမရယ်၊ အထင်မကြီးပါနဲ့နော်၊ ဘာမှ မဟုတ်သေးဘူး။ တကယ်ကို ဘာမှ မဟုတ်တာ။ သင်တန်းကဆရာပါ။ ဆရာ့ကို သက်လျာက ကျေးဇူးတင်လွန်းလို့ပါ။ ဆရာ ကူညီပေးလို့ သက်လျာ ဒီလောက်မြန်မြန် အောင်မြင်မှုရတာ။ ဒီလောကထဲ ဝင်ကြည့်မှပဲ ဒီလောကရဲ့ အခက်အခဲကို နားလည်လာတယ် သိလား''

''အမယ် . . မယ် . . အလုပ်နဲ့ စကားမလွှဲပါနဲ့၊ သင်တန်းဆရာ အကြောင်းပဲပြော''

ရွှေခေတ္တာက စ,သည်။

''တကယ် ရိုးရိုးပါ။ တကယ် ယုံလိုက်''

''ဟုတ်ရဲ့လား''

''ဟုတ်ပါတယ်၊ ဆရာက တည်တယ်၊ ခန့်ညားတယ် သဘောလည်း ကောင်းတယ်''

''နောက်ထပ်ရော''

''စိတ်ရှည်တယ်၊ ခင်မင်လေးစားဖို့ကောင်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ရော"

"ဒါပဲ"

ရွှေခေတ္တာ တမင် စ,နေမှန်း သိတော့ သက်လျာက ဆက်မပြောဘဲ ရပ်ပစ်သည်။

"လာမှ ကြည့်ရမယ်၊ တကယ် ဟုတ်ရဲ့လားလို့"

"ကြည့် ... ကြည့်"

"မမ စောစော ပြန်လာမယ်လေ၊ ထမင်းစားဖိတ်တာ တာ ဒင်နာ (ညစာ) မဟုတ်လား"

"ဟုတ်တယ်"

"ဆိုင် စောစောသိမ်းခဲ့မယ်"

"ကောင်းတာပေါ့"

ငွေသက်လျာက တိတ်တခိုး စွဲလန်းရသူကို မိသားစုနှင့် နွေးထွေးသိကျွမ်းစေချင်သည်။

အိမ်ကို ဝင်ထွက်စေချင်သည်။

လောဘတွေက အလုံးအရင်းပါပဲ။





ဖြစ်ချင်တာတွေ သိပ်များနေတော့ ဖြစ်မလာမှာလည်း စိုးထိတ်လှသည်။

"အဲဒီဆရာက သက်လျာကို ဂရုစိုက်ရဲ့လား"

"အရမ်း ဂရုစိုက်ပါတယ်"

ပိုပိုသာသာလေး ဖြေမိသည်။

တကယ့်တကယ် သည်လောက်ကြီး မဟုတ်တာကို ကိုယ်ပဲ သိသည်။

သူက ရှောင်ဖယ် ရှောင်ဖယ်။

နီးစပ်သွားမှာ အရမ်း စိုးရိမ်နေသည်။

တစ်ခုခု စကားများသွားမှာ သိပ်သတိထားနေသည်။

ကန့်သတ်မျဉ်းနှင့် စည်းခြား ဆက်ဆံတာကို သိပါသည်။

ဆရာ့ဆီ ဖုန်းဆက်ပြီး ထမင်းစားဖိတ်တာကို မရွှေခေတ္တာက ငေးကြည့်နေ၏။

ခုထက်ထိ မမခေတ္တာက အိမ်ကို ယောက်ျားလေး ဧည့်သည် ထမင်းဖိတ်ကျွေးတာမျိုး တစ်ခါမှ မရှိခဲ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သက်လျာက တမင်ထွင်တာ မဟုတ်ပါ။

ကြွားချင်စိတ်နဲ့လည်း မဟုတ်။

အပြင်မှာ ဆိုင်တစ်ခုခုမှာ ဖိတ်ခေါ်ကျွေးလျှင် ဆရာက အားမနာစတမ်း ငြင်းပစ်လိုက်မှာ သိသည်။

ကျိန်းသေနေသည်။

သက်လျာကို ဆရာက တမျိုးမြင်နေခဲ့တာ။

အိမ်ကို ဖိတ်လျှင် ဆရာက အားနာနာနှင့် ရောက်လေမှာ။

လူကြီးတွေ ရှိသေးသည်လေ။

"ဆရာ့ကို လူကြီးတွေက ကျေးဇူးတင်နေတာ။ ဆရာ လာခဲ့ရမယ်နော်။ မေမေက ဆရာ့ကို ထမင်းစား ဖိတ်ပါဆိုလို့"

ရွှေခေတ္တာက ညီမလေး၏ အသံတိုးတိုးကလေးကို ဆက်နားထောင်နေရမှာ အားနာသလိုနှင့် အလိုက်သိစွာ အနားက ထွက်လာခဲ့၏။

လွတ်လပ်စွာ ပြောပါစေ။





ညီမငယ်၏ပုံစံက သူ့ဆရာအပေါ် လေးနက်လွန်းလှပါသည်။

ဆရာ ဆရာနှင့်တဖွဖွ . . ။

ကြားလိုက်ရတော့ ရိပ်မိသည်။

ရွှေခေတ္တာဆက်ထိုင်နေလျှင် သက်လျာဖုန်း ပြောရမှာ မလွတ်လပ်နိုင်။

"ဆရာ ဆက်ဆက်လာရမယ်နော်"

သက်လျာက သေသေချာချာ ထပ်တလဲလဲ ဖိတ်ပါသည်။ ဆရာ လာမည်ဟုလည်း ယုံကြည်ခဲ့သည်။

လူကြီးတွေကို ဆရာက ဂရုမစိုက်ဘဲနေမှာ မဟုတ်။ လေးစားသောအားဖြင့် ရောက်လာမှာ မလွဲ။

ဘာလို့ပဲလာလာ။

ဆရာလာရင်

သက်လျာ ကျေနပ်ပါပြီ။

ဆရာရောက်မလာရင်သာ သက်လျာက စိတ်ထိခိုက်မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ဘယ်လိုထင်ထင် သက်လျာကတော့ ဂရုမစိုက်ချင်ပါ။

ဆရာ့ဆီက မေတ္တာကို သက်လျာမျှော်လင့်ပါသည်။

✸



ငွေသက်လျာက မှန်တင်ခုံရှေ့မှာထိုင်ပြီး ကိုယ့်မျက်နှာလေးကို အမျိုးမျိုး လုပ်ကြည့်နေမိ၏။

အောက်ခံမိတ်ကပ် Camella No.2 ကို သုံးပြီး ပေါင်ဒါကို Now How ပေါင်ဒါ F 6 ကို လိမ်းသည်။

F 6 က မိတ်ကပ်ကွက်တာကို ကာကွယ်ပေးသည်မို့ ကြိုက်တာပါ။

ပေါင်ဒါလိမ်းပြီးနောက် အပေါ်က Pierre Cardin Powder BRONZANTE ကို လိမ်းသည်။

မျက်ခွံကိုတော့ Bio ... Vita Eyc Shadow Set ထဲက အလာတွေ သုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံထောင့်စွန်းမှာတော့ Disco ရွှေမှုန်များ

တစ်လက်လက် ခြယ်သည်။

မျက်ခုံးအတွက် ကတော့ Kidley ကို သုံး၏။

မျက်တောင်အလှအတွက်ကတော့ MAVALA Mas

cara ကို ထပ်တင်သည်။

နှုတ်ခမ်းနီ ရွှေရောင်ကလေး သုံးလိုက်တော့ ပြင်ဆ

မှုပြီးမြောက်သွားရပြီ။

နားရွက်ပေါ်ကနေ စပြီး ကျစ်ထားသော ကျစ်ဆံမြီး

လေးနှစ်ချောင်းက နောက်ဖက်မှာ သွားစုပြီး ရွှေရောင်လိပ်ပြ

လက်လက်ကလေးနှင့် ပူးကပ်ချိတ်ထား၏။

ဆရာ့စိတ်ထဲမှာ သက်လျာ သိပ်လှတာပဲဟု ဓ

မိပါလျှင် ဆရာ သက်လျာကို ရွှန်းရွှန်းစိုက်စိုက် မက်မက်

မော တစ်ချက်ကြည့်လျှင် ပြင်ဆင်ခြယ်သထားရကျိုးနပ်

ပြီလေ။

မေမေက ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် ချက်ပြု

ထားတာမို့ ဆရာ ထမင်းစားမြိန်မှာပါ။





မှန်တင်ခုံကနေ မခွာခင် Pleasure ပန်းခရမ်းရောင်

ရေမွှေးကို ဆွတ်လိုက်၏။

ပြီးတော့ လက်ကောက်ဝတ်ကလေးနှစ်ဖက်ကို

Jevalin Solid perfume ကို ဖွဖွကလေး လိမ်းသည်။

ထိုရေမွှေး အဆီခဲကလေးက အရမ်းမွှေးသည်။

ဝရန်တာမှာ ထွက်ရပ်ပြီး ဆရာ့ကို စောင့်နေမိ၏။

မမှရွှေခေတ္တာက သူ့ကတိစကားအတိုင်း စောစော ပြန်ရောက်

လာပါသည်။

"ညီမလေး ညှော်သည် မရောက်သေးဘူးလား"

ဟု အပေါ်ထပ်တက်လာပြီး မေးပါ၏။

"ဟင့်အင်း မရောက်သေးဘူး"

"ညီမလေးက လှလိုက်တာ။ မွှေးနေတာပဲ ရေမွှေး

ကျန်သေးရဲ့လား"

ဟု မမက စသည်။

"မကျန်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သက်လျှာက လက်ကလေး ခါပြသည်။

ဆရာ့ကို စောင့်နေရတာ သက်လျှာ ရင်ခုန်လှပြီ။

မြန်မြန်လာပါတော့ ဆရာရယ်။

လမ်းမဘက်ကို မျှော်ငေးပြီး စောင့်နေမိ၏။

ဘာလို့များ ဆရာ နောက်ကျနေပါလိမ့်။

နှုတ်ခမ်းလေး စူကာ စဉ်းစားနေမိသည်။

ခုတော့လည်း သက်လျှာက ချစ်သူရောက်လာကို စောင့်နေသော ကောင်မလေးပုံစံပါလား။

ရောက်လာတာ နောက်ကျခဲ့ရင် နှုတ်ခမ်းစူ စိတ်ကောက်ခွင့်ကို ပေးလှည့်ပါ ဆရာ။

ဆရာ့ချစ်သူ ဖြစ်ခွင့်ရချင်ပါတယ်။

ဘယ်လောက်ကြီးပဲ ခေတ်မီတယ်ပြောပြော သက်လျှာက စပြီး မပြောရဲပါဘူး။

ဆရာ မပြောမချင်း စောင့်နေရုံပဲ ရှိတာပါ။

✸





"မေမေတို့ စားနှင့်လိုက်ပါ"

ဆရာ့ဆီကို ဖုန်းဆက်ပေမယ့် ဖုန်းခေါ်မရသောအခါ မိဘတွေကို သက်လျှာ အားနာလာမိသည်။

သက်လျှာပဲ စောင့်နေလိုက်လည်း ပြီးတာပဲ မဟုတ်လား။ မေမေတို့ကို ဒုက္ခမပေးချင်။

ဖုန်းပိတ်ပြီး တမင် ရှောင်နေတာလားဟု မတွေးချင် မထင်ချင်ပါ။ ဆရာ လာမှာပဲဟု ယုံကြည်နေသည်။

"သက်လျှာရေ လာစားလိုက်ပါလား။ ညွှန့်သည် ရောက်လာတော့ နောက်တစ်ခေါက် ထပ်စားပေါ့"

မမရွှေခေတ္တာက ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ မဆာသေးဘူး"

သက်လျာက ခေါင်းခါပြီး ခြံထဲ ဆင်းလာခဲ့၏။

လာပါတော့ ဆရာရေ . . .

မျှော်ရတာ မောနေပြီ။

သူ ရောက်လာမှာပဲဟု ယုံကြည်နေရင်းကနေ အကယ်၍ ရောက်မလာခဲ့လျှင်ရော်ဟု တစ်စွန်းတစ်စ တွေးပူလာမိ၏။

ဆရာ သက်လျာကို အဲဒီလိုတော့ မလုပ်လောက်ဘူးဟု ထင်မိသည်။

ခြံတံခါးတွန်းဖွင့်ကာ လမ်းကလေးအထိ သက်လျာ ထွက်စောင့်နေမိ၏။ ဖုန်းဆက်လို့လည်း မရတာမို့ အကျိုး အကြောင်းလည်း မသိရပါ။

✸



ကိုးနာရီထိုးသွားသော တိုင်ကပ်နာရီကို မော့ကြည့်ကာ မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံပြီး နာရီလက်တံတွေ ဝေဝါးသွား၏။

ရက်စက်လိုက်တာ ဆရာရယ်။

ဆရာဟာ ကတိမတည်သူတစ်ယောက်ပါလား။

ရင်ထဲမှာ အောင့်နေအောင် နာကျင်မိသည်။

စောင့်လိုက်ရတာ စောင့်လိုက်ရတာ အချိန်တွေ အချိန်တွေ တကယ် လုပ်ရက်သည်။

သက်လျာက အလှတွေ ပြင်ထားမိသောအခါ ပိုပြီး ရှက်စရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမရွှေခေတ္တာက ဘာမှ မမေးဘဲ အားနာသလိုလေး ဘိဇ္ဇံ ထိုင်ကြည့်နေပါသည်။

ဖေဖေရော မေမေပါ "သမီး ညည်သည် မလာသေးဘူးလား" ဟု မမေး။

ကျကျနန ပြင်ဆင်စောင့်မျှော်နေတာ သိထားတော့ မမေးရက်တာ။

အဲဒီလို မသိချင်ယောင်ဆောင်ပေးကြတော့ သက်လျာ ပိုအနေခက်သည်။

အိပ်ရာပေါ်တက်ထိုင်ပြီး မျက်ရည်ကျမိ၏။

ပါးပြင်ပေါ် မျက်ရည်တွေ စီးကျရင်း အင်္ကျီ အဝတ်အစား ထလဲသည်။

သက်လျာဘဝမှာ ပထမဦးဆုံး အရှုံးကို ရင်ဆိုင်ရခြင်းပါပဲ။

အားလည်းငယ်သည်။

ဝမ်းနည်းသည်။





ရှက်လည်း ရှက်သည်။

တဖက်သတ် ဂရုစိုက်မှု အရေးပေးမှုဆိုတာ တစ်အိမ်သားလုံး သိသွားပြီ။

သက်လျာက မှားတာလား။

ဆရာက မှားတာလား။

ရှင်းရှင်းလင်းလင်းတွေးကြည့်ချင်ပေမယ့် အခုလောလောဆယ် ခေါင်းတွေ ပူနေသည်။

သက်လျာကို အရေးမလုပ်ဘူးပဲထား။ လူကြီးတွေကိုတော့ ဆရာ လေးစားသင့်ပါတယ်။

မလာဘူးလို့ ဆုံးဖြတ်ရင်လည်း ဖိတ်ကတည်းက တစ်ထိုင်တည်း ငြင်းပါတော့လား။ အင်းဟု ပြီးစလွယ် ခေါင်းညိတ် လက်မခံသင့်ပါ။

ဆရာ့ကို သက်လျာက သိပ်ကို အထင်ကြီးထားတာပါ။ သိပ်ကို နှစ်သက်မြတ်နိုးနေမိတာပါ။

အထင်သေးစရာဖြစ်အောင် မလုပ်ပါနဲ့လား ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



သက်လျာ ရင်ထဲက ပထမဦးဆုံး သဲဦးပန်းကို သေဆုံးညှိုးရော်သွားအောင် မလုပ်ပါနဲ့။

သက်လျာက မျက်ရည်တွေကို သုတ်ပစ်၏။

မငိုချင်ပါ။ မျက်ရည်မကျချင်ပါ။

ဘဝမှာ မရှုံးချင်။ အချစ်မှာ မရှုံးချင်။

ဆရာပေးသော ဒဏ်ရာတွေကို သက်လျာ ရင်နာနာနဲ့ သိမ်းထားပါ့မယ်။

ဆရာက သက်လျာကို တကယ်ပဲ စိမ်းကားရက်စက်နိုင်သူပါလား။

သည်နေ့တော့ သက်လျာ တိကျစွာ နားလည်ခဲ့ပြီ။

ရှောင်ချင်လည်း ရှောင်ပါဆရာ။

ဂရုမစိုက်ချင်ရင်လည်း ဂရုမစိုက်ပါနဲ့။

ဒါပေမယ့်သက်လျာ ငိုရအောင်တော့ မလုပ်ပါနဲ့။

သက်လျာ ဆရာ့ကို မမုန်းချင်ဘူး။

အချစ်ဆိုတာ စိတ်နာလွန်းရင် အမုန်းအဖြစ် ပြောင်းလဲသွားတတ်တယ်နော်။

ဉာဏ်ဝင်းစာပေ



သက်လျာရင်ထဲမှာ အမုန်တကယ် အမြစ်တွယ်ရှင်သန်လာတာ အချစ်ပင်ကလေးပါ။

အချစ်ပင်ကနေ အမုန်းပန်းတွေ ဖူးပွင့်ဝေဆာလာအောင် ဆရာ မဖန်တီးပါနဲ့။

✷

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုနဲ့ပဲ ပြီးသွားမှာလားကွာ"

သူငယ်ချင်းက အားမလို အားမရ ပြောလာ၏။

သူ့ကိုကြည့်ပြီး စိတ်ဓာတ်ကျနေပြီလေ။

ကြည်မင်းဇော်က ဖွဖွပြုံးသည်။

"မင်းကလည်းကွာ၊ ငါက မင်းကို လာခေါ်တယ်၊ …ဖက်ရည်နဲ့ ထမင်းကြော် ကျွေးတယ်၊ မင်းက ဘာများ …ာလို့လဲ"

"မဟုတ်ပါဘူးကွာ၊ မင်း အချိန်တွေ ကုန်ပြီး အကျိုး… ဖြစ်နေတာကို မကြည့်ရက်လို့ပါ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ ကျေနပ်ပါတယ်။ ထိုင်ကြည့်နေခွင့်ကလေး
ငါ မြတ်နိုးတယ်။ ဒီအချိန်တွေကို အလဟပ်သတ် ဖြစ်တယ်
လို့ ငါ မတွေးဘူး။ ငါကျေကျေနပ်နပ်နဲ့ကို တစ်ဘဝ
သိမ်းထားမှာ။ အမှတ်တရ အချိန်လေးတွေ။ သူနဲ့ငါ လက်ထ
ပြီးရင် အသက်တွေ ကြီးလာရင် ဒီအချိန်လေးတွေကို
ပြန်ပြောပြရမယ်"

သူငယ်ချင်းထူးဆွေက သူ့ကို လက်လျှော့လိုက်သ
ထပ်မပြောတော့ပါ။

လက်ထပ်ဖြစ်ကြဖို့ဆိုတာ အဝေးကြီးလိုသေး
သည်ပဲ။

ဟိုကောင်မလေးက ကြည်မင်းဖော်ကို သိပုံး
မရသေးပါ။

"မင်းကွာ၊ လက်တွေ့ကျကျ ဆုံးဖြတ်လုပ်ကိုင်
ပါ။ အချစ်ဆိုတာ စိတ်ကူးယဉ်စရာ မဟုတ်ဘူးကွ၊ မင်း
ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းတွေ အပြည့်
တာပဲ။ ဘယ်မိန်းကလေးက ငြင်းမှာလဲ။ မင်း သတ္တိရှိရင်





ထူးဆွေက သူ့ကို အားပေးသည်။

သူ့မှာ တကယ်လိုအပ်နေတာကလည်း အားပေးမှု
ပဲ။

သူက ရှေ့မတိုးရဲ ဖြစ်နေတာပါ။

တွေဝေတွန့်ဆုတ်နေ မိတာပါ။

သူ့ကို ငြင်းများငြင်းလိုက်လျှင် ဆိုပြီး ရှေ့မတိုးရဲ။

"မင်း မစုံစမ်းချင်လည်းနေ။ ငါ စုံစမ်းပေးမယ်"

ထူးဆွေက ဆုံးဖြတ်လိုက်၏။

"Yes or No ရက် အော် နိုး နှစ်မျိုးပဲ ရှိတာ။ နိုးဆို
ရင်လည်း မင်း ထပ်ကြိုးစားလို့ ရသေးတာပဲကွာ"

ထူးဆွေက ဖွဲမလျှော့ဖို့ တိုက်တွန်း၏။

"သူ့ပုံစံကလေး ကြည့်ရတာ အေးအေးဆေးဆေး
လေး။

လူကြီး မိဘစီမံတာကို နာခံမယ့် ရုပ်ကလေး။ မင်း
သတ္တိမရှိရင် လူကြီးတွေဆီ အပူကပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက အကြံတွေ တစ်ခုပြီးတစ်ခု ပေး

''အကောင်းဆုံး နည်းလမ်းကို ရွေးပြီးချဉ်းကပ်ကြ
ပေါ့၊ ထိုင်နေလို့တော့ ဘာမှ ဖြစ်မလာဘူး''

ကြည်မင်းဇော်က ခေါင်းညိတ်လိုက်၏။

ထိုအချိန်မှာပဲ ဖုန်းမြည်သံချိုချိုကလေး အိတ်ထဲ
ထွက်လာ၏။ သူကဖုန်းကို ထုတ်ယူပြီး ထူးလိုက်၏။

''ဆရာလားဟင်''

သည့်အခေါ်အဝေါ် သည်လေယူလေသိမ်းကလေး
ကို သူ လုံးဝ မှတ်မိနေပါသည်။

သက်လျာ . . .ငွေသက်လျာကိုကိုပါ။

''သက်လျာပါ''

''ပြောပါ''

ကြည်မင်းဇော်က လမ်းမဘက်ကို မျှော်ငေး
ကြည့်နေမိ၏။

ကိုယ့်မဒီလေး ဖြတ်လျှောက်သွားတာ မမြင်လိုက်
စီးလို့ပါ။





''ဆရာ . . . ညက မလာဘူးနော်''

''ဟုတ်တယ်၊ ကိစ္စတစ်ခု ပေါ်လာတာနဲ့''

သူက ဘာမှ အရေးမကြီးသလို ဆိုမိ၏။

သက်လျာဘက်က လေးနက်သလောက် သူ့ဘက်
က ပေါ့တီးပေါ့ဆ တစ်စက်ကလေးမှ အလေးအနက် မရှိပါ။

တဖြည်းဖြည်းနှင့် သက်လျာ သိလာ၏။

သက်လျာ မျှော်လင့်ချက်တွေ အရာထင်ပါ့မလား။

သက်လျာ ကြိုးစားမှုတွေ အောင်မြင်ပါ့မလား။

''ဖုန်းလည်းပိတ်ထားတယ်''

''ဟုတ်တယ်၊ ကိုယ့်ဆရာတစ်ယောက်နဲ့ စကားပြော
နေလို့ ဖုန်းပိတ်ထားတာပါ''

''ဖုန်းလေးတစ်ချက်တော့ ဆက်ဖို့ ကောင်းပါတယ်၊
သက်လျာ စောင့်နေတာ အကြာကြီးပဲ''

''ဆောရီး . . .ဆောရီး၊ ဖုန်းဆက်လိုက်လို့ရတာ မေ့
နေတယ်၊ ဆောရီးကွာ''



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ''

''ဟုတ်ကဲ့ ပြောပါ''

''ဆရာ အစကတည်းက မလာဖူးလို့ ဆုံးဖြတ်ပြီး သွားမဟုတ်လား။ အမှန်အတိုင်း ဖြေပါ''

သက်လျာက ရင်နာစရာကို တိတိကျကျ သိ သည်။

ကိုယ့်ဝေဒနာကိုယ်ရှာသည်။

ဘာလို့များ မေးမိပါလိမ့်။

မမေးဘဲထားလည်း ရပါလျက်နှင့်။

''မဟုတ်ပါဘူး။ လာမလို့ပဲ''

''တကယ်လား''

''တကယ်ပါ''

''ဒါဆို ထပ်ဖိတ်မယ်''

''ဟာ... မလုပ်ပါနဲ့၊ အားနာစရာကွာ၊ ဆရာ့အ အဲဒါတွေ မလိုပါဘူး''





ဟော...ကြည့်။

သူ တကယ် ငြင်းပြီ။

ပြတ်ပြတ်သားသား ငြင်းလာပြီ မဟုတ်လား။

''ရပါတယ်ဆရာ။ သက်လျာ သိပါပြီ''

ငွေသက်လျာကိုကိုက ငိုချင်စိတ်ကို ထိန်းပြီး အားတင်းပြောကာ ဖုန်းချလိုက်၏။

''ဘယ်သူလဲ''

''ဒုက္ခအိုးလေး''

''သြော်ဟော်..အဲဒါလေးလည်း မဆိုးဘူး၊ မင်းက စိတ်မဝင်စားလို့ ခက်နေတာကွ၊ တော်တော် ချစ်စရာကောင်းတယ်''

''တော်ပါကွာ၊ တပည့်မလေးတွေကို ငါက ကလေးတွေလို့ပဲ မြင်တယ်''

''မင်းကို တကယ် ကြွေနေတာကွ''

''ခဏပါ နောက်တော့လည်း သူ့ဘဝနဲ့သူ ဖြစ်သွားမှာပါကွာ''



www.burmeseclassic.com

www.burmeseclassic.com



"မင်း လျစ်လျူမရှုသင့်ဘူးကွ"

"ငါ လုံးဝ စိတ်မဝင်စားဘူး၊ ငါ့မှာ စည်းမျဉ်း သတ်မှတ်ပြီးသား။ သင်တန်းသူတစ်ယောက်ယောက်ကို ဘယ်တော့မှ ရည်းစားအဖြစ် မခံဘူး။ ချစ်သူ မဖြစ်စေရဘူး"

"မင်း သတ်မှတ်ထားတဲ့စည်းပဲကွာ၊ မင်း ဖျက်ချင်လည်း ရတာပဲ။ ဘာဖြစ်လဲ"

"လုံးဝ ငါ့သဘောထား မပြောင်းလဲဘူး"

"မင်းက ရင်ခုန်စရာ တွေ့နေပြီကိုး။ ပြောအားရှိတာပေါ့"

"မဆိုင်ပါဘူး"

ကြည်မင်းဇော် မျက်နှာက သုန်မှုန်လာ၏။

"ပြီးရောလေ၊ ငါ ပြောလိုက်မယ်၊ သင်တန်းက နှုတ်ထွက်လို့ သင်တန်းသူဆို ချစ်သူမဖြစ်နိုင်ဘူးလို့ အစကတည်းက ဒီကောင်မလေး မှားတာ။ ဒီသင်တန်း လာမတက်သင့်ဘူး။ မင်း ခံယူချက်ကို မသိရှာလို့ နေမှာပါ"





"တော်ပါပြီကွာ၊ မင်းက ရှေ့နေလား၊ အကျိုးဆောင်လား၊ ဒီလောက် သူ့ဘက်ပါနေရအောင်"

"ငါက သနားလို့"

"သနားရင် မင်း ယူလိုက်ပေါ့"

"ဆယ်ခါပြန် ယူနိုင်တယ်၊ ကောင်မလေးက ငါ့ မကြိုက်ဘဲ မင်းကို ကြိုက်နေလို့ပေါ့ကွ"

"သေလိုက် . . . ဟော၊ လာပြီ၊ မင်း တိတ်တိတ်နေစမ်းကွာ၊ ငါ စိတ်ရှုပ်အောင် မပြောစမ်းပါနဲ့"

ကြည်မင်းဇော်က တစ်လှမ်းချင်း လျှောက်လာသော နှုတ်မိမယ်ကလေးကို ကြည့်ကာ ရင်တွေ တဒိန်းဒိန်း ခုန်လာ၏။

သည်နေ့တော့ ချောကလက်ရောင် ဝတ်စုံကလေးနှင့်။ အလှပေါ် အယဉ်ဆင့်အောင် သစ်ခွပန်းကလေးနှစ်ပွင့် ခေါင်းပေါ်ပန်ထားသည်။

ထူးဆွေက တိတ်ဆိတ်စွာ ထိုင်နေပြီး ရေနွေးကြမ်းငုံ့သောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လိုတာမရ ရတာမလို" ဆိုတာ ကြုံဖူးတွေ့ဖူးပါပြီ။

ငွေသက်လျာကိုကိုကျတော့ မဆွတ်ခင်က ညွတ်ချင်နေတာများ၊ ဘေးကလူတွေတောင် သိသည်။

ကြည်မင်းဇော်က မတုန်မလှုပ် ကျောက်ရုပ်ကြီးလုပ်နေပြီး တဖက်မှာတော့ ကောင်မလေးတစ်ယောက်ကို တကူးတက အချိန်ပေးပြီး စောင့်ကြည့်သည်။

ရှေ့လည်း မတိုးရဲ။

ဖြောင့်ဖြူးသောလမ်းကိုတော့ မလျှောက်ပါ။

စွန့်စားချင်သည်။ ခက်တာကို ကြိုက်သည်။

သူလည်း ဘာပြောရမှန်းပင် မသိတော့ပါ။

ဟူး . . . မလွယ်ပါလား။

✸



ငွေသက်လျာကိုကိုက သင်တန်းကို သုံးရက်တိတိ ရောက်မလာခဲ့ပါ။

ကြည်မင်းဇော်က ဖိုးပြည့်ကို ဖုန်းဆက်ဖို့ သတိပေးသည်။ နေထိုင်မကောင်းတာလား၊ အပြီးမလာတော့တာလား သိဖို့ လိုသည်။

ဖိုးပြည့် ဖုန်းဆက်မေးပေမယ့် ရေရေရာရာ မသိရပါ။ ကြည်မင်းဇော်က တိတိကျကျသိရမှ။

"သေချာမေးလိုက်လေ"

"မေးတာပဲ၊ သူက လာမယ်လည်းမပြောဘူး၊ မလာဘူးလည်း မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"လောလောဆယ် မလာချင်ဘူးတဲ့"

သူ တွက်ဆထားတာ မမှား။

သက်လျာက ဘာမဆို ပေါ့ပေါ့ပါးပါးဆိုနိုင်... ။

"ဖုန်းခေါ်ပေးစမ်းကွာ"

သူက ဖုန်းဆက်မေးကြည့်ဖို့ စိတ်ကူး၏။

ဖိုးပြည့်က ဖုန်းခေါ်ပေးပါသည်။

"ဆရာလား၊ ဆရာက ပြောမယ်လို့ ကိုဖိုးပြည့်က ပြောတော့ ယုံတောင်မယုံဘူး၊ ဆရာ ဘာပြောမလို့လဲ"

ဟု မေးလာ၏။

"ဘာလို့ သင်တန်း မလာတာလဲ၊ သင်တန်းပျက်ရင် ဖုန်းဆက်ရမယ်လေ"

"ဆရာ"

သက်လျာက သူ့ကိုခေါ်ပြီး ပင့်သက်ရှိုက်ကာ စကားဆက်မပြော။ ပြီးမှ တိုးတိမ်စွာနှင့် ဆိုလာ၏။





"သက်လျာ ပင်ပန်းနေတယ်၊ လာရင်လည်း လာဖြစ်မယ်၊ မလာရင်လည်း မလာတော့ဘူး၊ ကိုယ့်စိတ်ကို အတိအကျမသိသေးဘူး၊ သိပ်ပြီး လာချင်တဲ့တစ်နေ့ နေ့လာရင် လာခဲ့မှာပါ။ အခုလောလောဆယ်တော့ သက်လျာ ဘာမှ မလုပ်ချင်သေးဘူး။ အဲဒါ စိတ်ထဲရှိတဲ့အတိုင်း ပြောတာ"

"သင်တန်းတစ်ခုမှာ သင်တန်းစည်းကမ်းရှိတယ်၊ ဆရာဆိုတာ ရှိတယ် လေးစားရမယ်၊ ပြတ်သားရမယ်၊ လာချင်ရင် လာမယ်၊ မလာချင်ရင် မလာဘူးလို့ ပစ်စလက်ခတ် ပြောတာ တော်တော် စိတ်ပျက်စရာပဲ"

"သက်လျာ မှားသွားလား ဆရာ"

"မှားတာပေါ့"

"မှားသွားရင် တောင်းပန်ပါတယ်ဆရာ၊ အမှား လုပ်မိရင် တောင်းပန်ဖို့ ဝန်မလေးပါဘူး"

ငွေသက်လျာကိုကိုက သူ့ကို အေးစက် ပြတ်သားသော အသံနှင့်... ။



www.burmeseclassic.com

www.burmeseclassic.com



"အင်တန်းမှာ သင်တန်းစည်းကမ်းရှိသလို၊ လူတွေ မှာလည်း သူ့သဘောတရားနဲ့သူ ရှိပါတယ်ဆရာ၊ လူတစ် ယောက်က တလေးတစား ဖိတ်ကြားခဲ့ရင် အဲ့ဒီလူအပေါ် အသိအမှတ်ပြုပြီး တုန့်ပြန်ရပါမယ်။ အကြောင်းကိစ္စဆိုတာ လူတိုင်းမှာ ရှိကြတာချည်းပဲ၊ ကိစ္စပေါ်လာလို့ မလာဖြစ်တာ လက်ခံပါတယ်၊ ဒါပေမယ့် အကျိုးအကြောင်း ပြောသင့် တယ်၊ ဒီဖက်မှာ သက်လျာတစ်ယောက်တည်း မဟုတ်ဘူး ဖေဖေ မေမေတို့ရှိသေးတယ်၊ လူကြီးတွေက ဆရာ့ကို စောင့် နေကြတာ။ အဲဒါတွေ ဆရာသိရဲ့လား။ ဂရုစိုက်ရဲ့လား တကယ်လို့ မလာဘူးလို့ ဆုံးဖြတ်ရင် မလာဘူးလို့ အပြတ် ပြင်းပါလား။ သက်လျာ အရှက်ရအောင် တမင် လုပ်တာလား တမျှော်မျှော်နဲ့ နာရီပေါင်းများစွာ ဒုက္ခပေးတာ ဆရာပီသရဲ့ လား။ ဆရာကရော သက်လျာမိဘတွေကို လေးစားလို့လား ဆရာ ရောက်မလာတော့ သက်လျာ ဘယ်လိုပြောရမလဲ သူတို့က ထမင်းမစားသေးဘဲ စောင့်နေကြတာ ရောက်လာ မယ့် သော်သည်ကို လေးစားလို့ပဲ။ မေမေက ဖွယ်ဖွယ်ရာရာနဲ့





ချက်ပြုတ်ထားတာရော ဆရာသိရဲ့လား။ သက်လျာကို ဆရာ ကြိုက်သလို ဆက်ဆံနိုင်ပါတယ်။ ဒါပေမယ့် လူကြီး တွေကိုတော့ ဆရာ လေးစားသင့်တယ်။ အခုတော့ ကြာကြီးစောင့်ပြီး ဆရာ မလာတော့မှ သူတို့ကို သက်လျာ ဘယ်လိုမျက်နှာနဲ့ ပြောရမှာလဲ။ ဆရာပြောဖူးတယ်လေ။ ယ့်ဂုဏ်သိက္ခာ၊ အေဂျင်စီရဲ့ ဂုဏ်သိက္ခာကို ထိန်းပေးပါ၊ ိုက်အောင်မလုပ်ပါနဲ့တဲ့။ အခု ဆရာက သက်လျာရဲ့ ဏ်သိက္ခာကို ထိန်းပေးလို့လား၊ သက်လျာရဲ့ အိမ်မှာ က်လျာ ဘယ်လို ရင်ဆိုင်ရမလဲ။ ဆရာ အရမ်း ရက်စက် ယ်၊ ဒါပေမယ့် ဆရာ တစ်ခွန်းမတောင်းပန်ဘူး၊ ပေါ့ပေါ့ လေးပဲ ပြောတယ်၊ ဆောရီးတဲ့။ ဒါလည်း သက်လျာ က်နေ့ဖုန်းဆက်မှ ပြောတာပါ။ ဆရာက သက်လျာတို့ ားစုကို လုံးဝ အသိအမှတ်မပြုဘူး၊ သက်လျာက ဆိုင် ာက်တဲ့ မမကိုတောင် သော်သည် ထမင်းစားဖိတ်... းလို့ စောပြန်လာပေးပါ ထမင်းအတူတူစားရအောင်လို့ ... ာင်း ခဲ့တာ သက်လျာ စီစဉ်ခဲ့တာ အားလုံး အရှက်ကွဲဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ဆက်တိုက်ပြောချပြီး သက်လျာက ငိုင

လိုက်၏။

ဖုန်းခွက်ကို ကိုင်ထားပြီး သူဘာဆက်ပြောရမှန်း

မသိတော့ပါ။

အခုတော့လည်း သူက လူဆိုးကြီးဖြစ်ရပြီ။

အပြစ်ကို အကြီးဆုံး မှန်ဘီလူးနှင့် ပုံကြီးချဲ့ခံရပြီ

မဟာ့မဟာ အပြစ်ရှိသူကြီး ဖြစ်သွားပြီ။

ဒါတွေဟာလည်း မင်းရဲ့ မရမက ချည်နှော

ကြိုးစားနေတဲ့ ကြိုးစတွေပဲ မဟုတ်လား။

မသိမသာနဲ့ ရုန်းမရအောင် မင်းက ချည်ချင်နေတ

အဲဒါ ကိုယ်က သိနေတော့ အချည်မခံတာ။ အဖြစ်မှန

မင်းလည်း သိပါတယ် ချာတိတ်ရာ။

ကိုယ်ဟာလူကြီးတွေအပေါ် ဂါရဝတရား မရှိတဲ့

ပေဖျားပြီးသား ကတိကို မတည်တဲ့ ဆရာ။ တာဝန်

သူဝ စ်ယောက်လို့ မင်းက စွပ်စွဲသတ်မှတ်ချင်ရင်လ

သတ်မှတ်ပါတော့။





ကိုယ်ကတော့ မင်းရဲ့ ချည်နှောင်ခြင်းကနေ ရုန်းထွက်

မှာလဲ။ လုံးဝ ကျရှုံးလို့ မဖြစ်ဘူး။

ကြည်မင်းဇော်က ဘာမှ ပြန်မပြောဘဲ ဖုန်းချလိုက်၏။

ငွေသက်လျာကိုကိုက ထပ်မခေါ်ပါ။

ခက်တော့ ခက်တယ် သက်လျာရယ်။

ဘယ်လိုများ ရှေ့ဆက်သွားကြမလဲ။

✹



www.burmeseclassic.com

www.burmeseclassic.com

"မမရေ . . . မမခေတ္တာ သူငယ်ချင်း လာတယ်"

သက်လျှာကိုကိုက လှမ်းအော်ခေါ်ပေးပြီး ခြံဝင်းထဲဆင်းလာခဲ့၏။

ရင်ထဲမှာ ကြေကွဲစိတ်နှင့်အတူ လစ်ဟာနေပါသည်။

ဆရာနှင့် မတွေ့ခင်တုန်းကတော့ သက်လျှာဘဝ လေးက အရမ်းပြည့်စုံ အေးချမ်းခဲ့သည်။

အခုတော့လည်း ဘာကိုမှန်းမသိ မကျေနပ်ချင်။

ဆရာ ပြန်မချစ်တာကို သက်လျှာ ခံစားရသည်။

ဟိုး ငယ်ငယ်တုန်းကတော့ ကိုယ်က တဖက်သတ်ချစ်ခင်စွဲလန်းရသူ ပေါ်ပေါက်လာမည်မထင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



“ငါ ပေးလိုက်တော့ အချစ်
ပြန်ရလိုက်တော့ အမုန်း
ထူးတော့ ထူးဆန်းနေပါပြီ”

နာကျင်စွာနှင့် သီချင်းတစ်ပုဒ်ကို အော်ညည်းမိ ခံစားနေရတာ သက်သာသွားမလားလို့ပါ။

“ရိုးရိုးပဲစဉ်းစားကြည့်၊
ရိုးရိုးပဲ စဉ်းစား
အခုတော့ နေတတ်ခဲ့ပြီ
မင်းမရှိလည်း
ဒီမှာ ငါတစ်ယောက်တည်း
အချိန်တွေကလည်း ပြောင်းပြီ
ရင်ခုန်သံလည်း ဟောင်းပြီ
မင်းအတွက်နဲ့ ငါ့စိတ်မှာ
ဘာဆိုဘာမှ မရှိတော့မှာ





မင်းအတွက်နဲ့ ငါ ရင်မှာနေရာ
လုံးဝ မရှိတော့ပါ”

သီချင်းစာသားတွေလို ဖြတ်သားချင်သည်။

မာကျော အေးစက်သော နှလုံးသားကို ပိုင်ဆိုင်ချင်သည်။

ကိုယ့်အပေါ် လျစ်လျူရှုလွန်းသော လူတစ်ယောက် အတွေးထဲက နှင်ထုတ်ပစ်ချင်သည်။

သူ့ကို မေ့ပစ်မယ်
သူ့ရှေ့ ဘယ်တော့မှ မသွားတော့ဘူး။

ကိုယ့်ဟာကိုယ် နေတတ်အောင် နေတော့မယ်လို့ ဖြတ်လိုက်တိုင်း သက်လျာ နှလုံးသားက အရမ်း နာကျင် ပျော့ညံ့သော မျက်ရည်တွေကို ဝိုင်းအိလာစမြဲ။

မငိုနဲ့ သက်လျာ မငိုနဲ့။

မျက်ရည်တွေကျလာရင် နှင်ဘယ်လို အေးစက်နိုင်မှာ ရယ်ရယ်မောမော ဆုံးဖြတ်စမ်းပါ ဟု ကိုယ့်ကိုယ်ကို ဘင်း ထားလည်း မရ။



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ထားလည်း မရ။

လေးငါးဆယ်ရက် မတွေ့ရသော သူ့မျက်နှာ ပြေးကြည့်ချင်စိတ်က ပြင်းပြင်းထန်ထန် ဖြစ်နေပြီ။

သည်လိုနဲ့ပဲ သက်လျာ ရှုံးခဲ့တာပါ။

သူ့ဆီ မသွားဘဲ ဖွတ်မိုက်နေကြည့်ဦးမည်။

အတွေးစတွေကို ဖြတ်တောက်ကာ အိမ်ပေါ် ပြ တက်လာ၏။ စီးထားသော ဖိနပ်ပါးပါးကလေးကို ချွတ်မိခိုက် မှာ . . .

"အမယ် . . မယ်၊ ဈေးပိတ်ရက်မှာ သတိရမိ ရမိတယ် ပြောပါနော်၊ သူလာစောင့်နေမှာပဲ ဆိုပြီး တွေ တယ် မဟုတ်လား မညာနဲ့ ခေတ္တာ။ မြင့်တို့က သိပြီးသာ ပါနော်"

"မဟုတ်ပါဘူးဟယ်"

"မြင့် သိပါတယ်၊ ခေတ္တာ ဝန်မခံလည်း ရတယ်"

ရွှေခေတ္တာက ရှက်စနိုးရယ်သည်။





"မျက်လုံးချင်း စကားပြောရုံနဲ့တင် ပြီးနေကြတော့ မှာလားဟင်၊ ဘာလို့ ဒီလောက် ကြန့်ကြာနေရတာလဲ"

မမရွှေခေတ္တာ၏ သူငယ်ချင်းက အားမလို အားမရ မေးလာတော့ မမက ရယ်မြဲ ရယ်နေသည်။

မမမှာ အဲဒီလို ဆန်းဆန်းပြားပြားတွေ မရှိမသားတွေ ရှိနေပြီလား။

သက်လျာ ခြေစုံကလေးရပ်ကာ အသံမပေးမိဘဲ အံ့အားသင့်စွာ နားထောင်နေမိ၏။

မမက ဒါကြောင့် ဟိုသီချင်းလေးတစ်ပိုဒ်ကို စိတ်လို လက်ရ ခဏခဏ ညည်းနေတတ်တာကိုး။

"အမှတ်တမဲ့ အကြည့်ချင်းဆုံသွား
လှိုင်းထ ရင်ခွင်ထဲ လှုပ်ရှား
အမှတ်တရဖြစ်
ဒါအချစ်တဲ့လား
ဝေဒနာသစ် နှလုံးသားက သိရှိသွား



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် သီချင်းစာသားကလေးကို ကြော့ကာ ကြော့ကာ ဆိုနေတတ်တာ ကြားမိသည်။

အခုတော့ ထိုသီချင်းကလေး ဆိုညည်းရခြင်း အကြောင်းကို သက်လျာ ရေးရေးသဘောပေါက်ပြီ။

စိတ်အားငယ်မိစွာနှင့် အသံမပေးဘဲ လှည့်ထွက်လာခဲ့မိသည်။ မမရွှေခေတ္တာကို စ,ဖို့ပင် အင်အားမရှိ။

✸



မနက်အစောကြီး သင်တန်းရှိရာ တိုက်ခန်းကလေးစီ ရောက်သွားမိတာ ဆရာ့ကို လွမ်းလို့ပါ။

သတိရတာနေ တဖြည်းဖြည်း လွမ်းလာတာ။

မာနနှင့် တင်းခံမနေနိုင်တော့ဘဲ သင်တန်းရှိရာ အရှိုးပေးသော ခြေလှမ်းများနှင့် လျှောက်လာခဲ့ပါသည်။

အားလုံးထဲမှာ ဆရာက အစောဆုံး ရောက်လာ တတ်တာ သိသည်။

အခန်းစောင့် ဦးလေးကြီးကို မှာစရာ ရှိတာ မှာပြီးမှ လက်ဖက်ရည်ဆိုင် ထွက်ထိုင်တတ်တာ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဘာတွေ လုပ်တတ်တယ်၊ ဘယ်ကို သွားတတ်တယ်၊ ဘယ်လို ပြောတတ်တယ်၊ ဘယ်လို ရယ်တတ်တယ်၊ ဘာတွေကြိုက်တတ်တယ်၊ ဘာဆိုမကြိုက်ဘူး အကုန်လုံး သက်လျာ သိသည်။

တကူးတက မှတ်သားထားရတာမျိုး မဟုတ်ပါဘူး။ ဆရာနှင့် ပတ်သက်လျှင် နှလုံးသားက Auto Recorder ကလေးပါမဲ့။

အားလုံး သူ့အလိုလို မှတ်တမ်းတင်သိမ်းထား ပေးသည်။

အခန်းစောင့်ဦးလေးကြီးက သက်လျာကိုမြင်တော့

"စောလှချည်လား ကလေး၊ မင်းတို့ ဆရာ ရောက်မလာသေးဘူး၊ ဘဘ ဈေးသွားမလို့ စောင့်နေဦး"

ဟု ဆိုကာ ဈေးဘက် ထွက်သွား၏။

အစောဆုံးရောက်လာမယ့် ဆရာ့ကို အရင်ဦးဆုံး လာကြည့်မိတာ သတိရလွန်းလို့ပါ။





သင်တန်းလာတတ်ဖို့ စိတ်ကူး သက်လျာမှာ မရှိသေး။ ဆရာ့ကိုမြင်ပြီးရင် ပြန်မှာပါ။

ခုံတစ်လုံးကို စားပွဲဘေးနား တိုးရွှေ့ကပ်ပြီး ငြိမ်ငြိမ်သက်သက် ထိုင်နေမိသည်။

ပြီးမှ ကက်ဆက်ရှိရာ လျှောက်သွားပြီး သီချင်းခွေကလေး ထည့်ဖွင့်သည်။

ထွက်ပေါ်လာသော သီချင်းကလေးက အရမ်းကောင်းတာမို့ Volume (အသံ) နည်းနည်း ထပ်မြှင့်လိုက်၏။

မိန်းကလေး အချစ်ဆိုသော သီချင်းကလေး။

"*Hay*... ဟိုအရင် မချစ်ခဲ့မိပါဘူး

အခုမှ ငါ့စိတ်ရူး "

ငါ့ အိပ်မက်ထဲ နင်လေ ဝင်..ဝင်လာတာ

ဘာကြောင့်လဲ... အခု ငါလေ မင်းနဲ့မတွေ့ချင်ဘူး

မြင်ရင် ချစ်စိတ် နှိပ်စက်လို့

ရှောင်နေပြန်တော့ လွမ်းတယ်

ခက်နေပြီကွယ်..."



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကလေးကို အရမ်း သဘောကျမိတာမို့ ကက်ဆက်တင်ထားသော စားပွဲစီ ခုံကို ယူသွားပြီး ထိုင်နေမိ၏။

ထိုသီချင်းကလေးကိုပဲ အပြန်ပြန် အခါခါ ဖွင့်မိသည်။

"အသည်းထဲ အချစ်များစွာ
ငါ မင်းအတွက် သိမ်းထား
မျှော်လင့်ရမယ့် မိန်းကလေးတို့ဘ၀
ရည်ရွယ်သူစောင့်စား
မင်း မျက်လုံးထဲမှာ
ရှာခဲ့ အချစ်ရိပ်များ
မျှော်လင့်ရတဲ့မိန်းကလေးတို့ဘ၀
ရည်ရွယ်သူကို စောင့်စား"

ဆရာ့ကို စောင့်ရင်း ထိုသီချင်းကလေးကို ထပ်တလဲလဲ ဖွင့်နေ၏။





အခန်းစောင့်ဘဘကြီး၏ မိန်းမကြီးကြီးမေက မီးဖိုချောင်မှာ သူ့အလုပ်သူ လုပ်နေသည်။

ထွက်မလာ။ မစပ်စု။

✷



www.burmeseclassic.com

www.burmeseclassic.com

ကြည်မင်းဇော်က တံခါးဟနေတာမို့ အသာတွန်း ဖွင့်
တော့ သီချင်းသံကို ကြားနေရသည်။
သူ့ထက် အရင် ဘယ်သူ ရောက်နေပါလိမ့်။
ဘကြီးတို့ ကြီးမေတို့က ကက်ဆက်ဖွင့်မှာ မဟုတ်။

"*Hay* .... ရင်ခုန်သံကို သီချင်းလေးဖွဲ့သီပြီး
*ငါ* တိုးတိုးကလေး ဆိုညည်း
ငိုချင်နေမိ *ငါ*လေ ဘာကို လွမ်းရမလဲ
တစ်ဖတ်သတ် အချစ်မို့အားငယ်
စ,ချစ်ရလို့ ရှက်တယ်
အကြင်နာတွေ နှမြောတယ်

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်သူရယ် . . .''

ကျယ်လောင်သော သီချင်းသံကို လျှော့ပစ်ပြီး စား
မျက်နှာပြင်ပေါ် ပါးကလေးကပ်ကာ အိပ်ပျော်နေသေ
သက်လျှာကို လှမ်းကြည့်မိ၏။

သီချင်းသံတိုးလိုက်တာကို သက်လျှာ မသိ။

သက်လျှာ အိပ်ပျော်နေပြီလား။

''အားငယ်စွာ တိတ်တိတ်ကလေး ကြေကွဲ
ငါ မင်း အချစ်စောင့်မျှော်ဆဲ
နေနိုင်သူရယ် . . . မင်းကို စိတ်ကုန်ချင်ပြီကွယ်''
''ဒီမှာ အချစ်များယူလိုက်
ငါ အော်ဟစ်လိုက်ချင်
ဒီမှာ အချစ်များ ယူလိုက်
ငါတစ်ယောက်တည်း တမ်းတ''

ကြည်မင်းဇော်က သီချင်းသံကို ပိတ်ပစ်လိုက်၏။





''သက်လျှာ . . . သက်လျှာ''

တိုးတိုးဆတ်ဆတ် ခေါ်ပေမယ့် သက်လျှာက မနိုး။
ငြိုက်စွာ အိပ်ပျော်နေသည်။

''သက်လျှာ''

မနိုးဘဲ ထားလို့မဖြစ်ပါ။ တခြားသူတွေ ရောက်လာ
ျင် တစ်မျိုးတမည် ထင်ကြဦးမည်။

သူ့ကို တမင် နှောင့်ယှက်တာပဲဟု သူ နားလည်မိ
ာ စိတ်လည်း တိုမိ၏။

''ကျွတ် . . ဟိတ် . . သက်လျှာ''

ခပ်ကျယ်ကျယ်ခေါ်ရင်း လက်ကလေး လှုပ်ခါလျှက်
ိတော့ အင်း ဟု ညည်းညူပြီး ပြန်အိပ်သွား၏။

ရှိန်းရှိန်းငွေ့ငွေ့ ပူနေတာကို သတိပြုမိရင်း ဖျားနေ
ာလားဟု တွေးမိ၏။

နဖူးကို ဖွဖွစမ်းမိတော့ တကယ်ပဲ ကိုယ်ပူနေသည်။

''မင်းကွာ . . တကယ်ပါပဲ၊ ဒီလောက် ဖျားနေတာ
ောင် လာနှောင့်ယှက်နိုင်သေးတယ် စိပဲ''



www.burmeseclassic.com

www.burmeseclassic.com



ကြည်မင်းဇော် စိတ်ဓာတ်ကျစွာ ရေရွတ်ပြီး . . .

''ထ . . . ထ ပြန်မယ်''

ဟု ဆွဲခေါ်၏။

''မပြန်ပါဘူး''

မျက်လုံး မဖွင့်ဘဲ ဖွတ်ငြင်းသည်။

''မင်း မူးနေပြီ''

ကြည်မင်းဇော်ကပဲ အငှားပေးကာ ဆံပင်လေး တွေ သပ်ပေးရင်း ချော့ချော့မော့မော့ ပြောရတော့သည်။

''လာပါကွာ၊ ပြန်ရအောင် သက်လျှာကို အိမ်အထိ လိုက်ပို့ပေးမယ်၊ နေကောင်းမှ လာပေါ့''

''မလာဘူး တစ်သက်လုံး မလာဘူး၊ ဒီကို လာရင် တဲ့ ခြေထောက်တွေ ရိုက်ချိုးပစ်မယ်''

''အေးပါ အေးပါ၊ လာ . . ထ . . ထ။ သက်လျှာ နေကောင်းသွားရင် ဆရာ ကိုယ်တိုင်လာခေါ်မယ် ဟုတ်ပြီ လား''





''မယုံဘူး သက်လျှာကို မညာပါနဲ့''

ကြည်မင်းဇော်က သက်လျှာကို ပုခုံးနှစ်ဖက်က မထူသည်။ သက်လျှာက သူ့ဘက်ပျော့ယိုင်ပါလာ၏။

သူအသာထိန်းဖက်ကာ ကားစီခေါ်လာခဲ့သည်။

ကားထဲရောက်တော့လည်း သက်လျှာက သူ့ကိုမလွှတ်။

''နေဦးလေ ကြီးမေကိုသွားပြောရအုံးမယ်''

သူ သက်ပြင်းမောချမိသည်။

သည်နေ့ တွတ်ပီကံမကောင်းပါလား။

နှလုံးသားထဲက မှော်ဆရာမကလေးကိုလည်း မတွေ့ခဲ့ရပါ။ အကြာကြီး စောင့်နေပေမယ့် ရောက်မလာ။

သင်တန်းကို ရောက်တော့လည်း မြသနာထုတ်ကလေးက ဆီးကြိုနေသည်။

ဟူး . . . မလွယ်ပါလား။

✹



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေသော သူ့ဘက်ကို တိုးရွေ့ကပ်ကာ သက်လျာက တအင်းအင်း ညည်းသည်။

"ချမ်းတယ်၊ အရမ်းချမ်းတယ်"

သူ့ပခုံးပေါ် မှီချပြီး ဆိုလာ၏။

"ချမ်းမှာပေါ့၊ ဖျားနေတာကိုး။ ကိုယ်ပူပြီး ဖျားနေတာ အိပ်ရာပေါ် မနေဘဲ လာရသလားကွာ"

"ဆရာ မသိဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ လာတာလည်း ဆရာမသိဘူး၊ ဆ…
သိအောင်လည်း ပြောမပြဘူး ဟင်း . . ဟင်း . . ဟင်း"

တုန်ခိုက်နေသော အသံကလေးနှင့် ကျေနပ်…
ရယ်၏။

"ဆရာ့ကို ဘယ်တော့မှ မပြောဘူး" ဟု တ…
ရေရွတ်နေသည်။

ရှိန်းရှိန်း... ရှိန်းရှိန်းနှင့် ကိုယ်ငွေ့က ခြစ်ခြစ်တော…
ပူလာ၏။ အနည်းဆုံး တစ်ရာ့သုံးပါပဲ။

"ချမ်းတယ် . . . ချမ်းတယ်"

ကြည်မင်းဇော်က ကားကို ခဏရပ်ပြီး ကားနော…
ခန်းထဲက ဂျာကင်ဆွဲယူပြီး ခြုံထားပေးလိုက်၏။

သက်ပြင်း တစ်ချက်လည်း ရှိုက်မိသည်။

ဘယ်နှစ်ကြိမ်မြောက် သက်ပြင်းမှန်းပင် မသိတော့…
သက်လျာနှင့်တွေ့တိုင်း သူ့မှာ သက်ပြင်းမောတွေ များ…
လာရသည်။





မျက်လုံးတွေ တင်းတင်းမှိတ်ကာ ငြိမ်နေသော သက်လျာကို ကြည့်ပြီး ကရုဏာလှိုင်းတစ်ခု ဖြစ်ထွန်းလာ၏။

သက်လျာရယ် . . .

မင်းကို အမြတ်တနိုး တန်ဖိုးထားပြီး နက်နက်ရှိုင်းရှိုင်း ချစ်ခင်နှစ်သက်မယ့် ကောင်လေးတစ်ယောက် မင်းတွေ့ကို တွေ့လာမှာပါ ချာတိတ်ရာ။

အဲဒီအခါကျရင် ကိုယ့်အပေါ် စိတ်ကစားပြီး ရူးသွပ်ခဲ့ဖူးတာ မင်း မေ့သွားမှာပါ။

ပြန်တွေးပြီး ရယ်ချင်မှာပါ။

မင်းက ကိုယ်နဲ့ ယှဉ်ရင်တကယ့်ကလေးပါပဲ။

ရွယ်တူတန်းတူ ရင့်ကျက်မှုခြင်း လုံးဝမတူပါဘူး။

ကိုယ် . . မင်းကို ရင်ခုန်လို့ မရပါဘူး။

မင်းက ကိုယ့်သင်တန်းသူ ကိုယ့်တပည့်မကလေးပါ။

ညီမလေးတစ်ယောက်လို မင်းကို ကိုယ်ချစ်ပါတယ်

မင်း ဆိုးနွဲ့သမျှကိုလည်း သည်းခံနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်လို ဘယ်လိုမှ သဘောထားပြီး ခံစားလို့ မရတာ မင်းနားလည်ပေးပါလား သက်လျာရယ်။

✹



"ဒီအိမ်လား"

"ဟုတ်တယ်"

ခက်တော့ ခက်နေပါပြီ။

သည်လမ်းလားဆို ဟုတ်တယ်။

သည်အိမ်လားဆို ဟုတ်တယ်နှင့် တွေ့သမျှ ခေါင်းညိတ်နေတော့တာပါပဲ။

"ဒီလမ်းသေချာရဲ့လား၊ ကြည့်ပါဦး"

ဆိုတော့မှ "မဟုတ်ဘူး" တဲ့။

သုံးလေးငါးလမ်းလောက် မှားဝင်ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



“ဒီလမ်း . . . ဒီလမ်း” ဟု မှန်သွားတော့သည်။

လမ်းမှန်သွားပေမယ့် အိမ်ကို မေးမရသေးပါ။ လမ်းပေါ်မှာလည်း လူသူမရှိ။ မေးမြန်းစုံစမ်းကြည့်ဖို့ရာ။

“သေချာပြပါ . . . ဘယ်အိမ်လဲ”

သက်လျာကို ကိုယ်လေးလှုပ်နိုးကာ မျက်လုံးဖွင့်စေ ပြီး သေချာမေးရသည်။

“ဟိုရှေ့က ခြံ”

“ခြံတံခါးအဖြူနဲ့လား”

“ဟုတ်ပါတယ်”

ဖြေပုံက စိတ်မရှည်သံနှင့်။

ကြည်မင်းဇော်က မောင်းသွားပြီး ခြံရှေ့ရောက်တော့ ကားဟွန်းတီးသည်။

လူကြီးတစ်ယောက် ခြံတံခါးလာဖွင့်ပေး၏။

“ဒါ သက်လျာတို့ အိမ်လား”

“ဟုတ်ပါတယ်”



ကြည်မင်းဇော်က ခုမှ စိတ်အေးသွားသလို ပြုံးနိုင်၏။

ကားကို ပေါ်တီကိုအောက်အထိ မောင်းလာခဲ့ပြီး သက်လျာ ကို ကားပေါ်က ဆင်းစေသည်။

“အိမ်ရောက်ပြီ”

“သင်တန်းကို ပြန်မယ်”

အဖျားကြီးကြီးနှင့် မဖြစ်နိုင်တာတွေ ပူဆာနေ၏။ သက်လျာကို ဧည့်ခန်းအရောက် တွဲပို့ပေးရသည်။

“ဟင် . . သက်လျာ၊ ဘာဖြစ်လို့လဲ”

ချိုသာသော အသံကလေးနှင့် ဖြူန်းကနဲ သူ့ဘေး ရောက်လာပြီး သက်လျာကို ဝင်တွဲလိုက်သော ကောင်မလေး ကို အမှတ်တမဲ့ ကြည့်မိကာ သူ ငြိမ်ကျသွားရ၏။

သူ့ မျက်လုံးတွေကို သူမယုံ။

မျက်တောင်နှစ်ချက်သုံးချက်ခတ်ပစ်သည်။

အံ့ဩလွန်းလို့ပါ။

သူ အိပ်မက်မက်နေတာလား။

အမြင်မှားနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကူးထဲက ချစ်သူကလေး။

သူ့ရဲ့ မဟာဆန်သူလေး

သူ့ရဲ့ နတ်မိမယ်ကလေး

သူ့ရဲ့ ဣန္ဒြေရှင်လေး

သူ့ရဲ့ အိုပ်မက်နက်သမီးလေး

သူ့ရဲ့ မော်ဆရာမကလေး

ဘယ်လိုက ဘယ်လို သူ့ရှေ့ ဘွားကနဲ ပေါ်ပေါက်လာသလဲ မသိပါ။

ရင်ထဲမှာ တဆတ်ဆတ် တုန်ခါပြီး သူ မယုံနိုင်အောင် ဖြစ်နေမိသည်။

''သက်လျာ . . .ကိုယ်တွေ ပူခြစ်နေပါလား''

စိုးရိမ်တကြီး အသံကလေးနှင့် နတ်မိမယ်ကလေး အာရုံက သက်လျာအပေါ်မှာပဲ စုံပြို့ ကျရောက်ကာနေပါသည်။

သူ့ကို လုံးဝ မကြည့်။





''သူ သင်တန်းကို ရောက်လာပြီ။ အဖျားတက်လာတာပဲ''

ကြည်မင်းဇော်က ဝင်ပြောလိုက်မှ ဆတ်ကနဲ လှည့်ကြည့်၏။

''ရှင်က ဘယ်သူလဲ''

သူ့ကို စူးစူးစမ်းစမ်း ကြည့်ကာ မေးလာ၏။

အိမ်နေရင်း ရင်ဖုံးအင်္ကျီလက်ပြတ်ကလေးနှင့် ပတ်ထမီနှင့် အမွှားအမွှားကလေးတွေနှင့် ကပိုကရို ချစ်စရာကောင်းသည်။

ခေါင်းလျှော်ပြီးစ ဆံပင်ရှည်တွေကို ဖြန့်ချထားတော့ ရှုပ်ပွန့်ကလေးက သင်းမြပြီး စိတ်ကို လန်းဆန်းစေသည်။

''ကျွန်တော် ကြည်မင်းဇော်ပါ။ သင်တန်းက ဆရာပါ''

ဟု သူ့ကို သူ မိတ်ဆက်မိသောအခါ . . .

''ဩော် ဟိုတစ်ခါ ထမင်းစားဖိတ်တာ မလာတဲ့ ဆရာလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်မေးသည်မို့ ကြည်မင်းဇော် ဘယ်လို ပြောရမှန်း မသိဖြစ်သွား၏။

ထိုကိစ္စကို သူမ ဘယ်လို သိနေပါလိမ့်။

ရွှေခေတ္တာက ညီမလေး သက်လျာကို ဆိုဖာမှာ မှီလှဲ စေရင်းက ရင်ထဲမှာ တဒုန်းဒုန်း ဆူညံနေတာကို ဘာမှ မဖြစ်သလို ထိန်းရသည်။

သူ့ကို ခေတ္တာသိနေသည်။

အဲဒါ သူသိလို့ မဖြစ်ပါ။

မသိသလိုပဲ နေရပါမည်။

မိန်းကလေးတို့ ကြွေ ရွှေပေးလို့ မရတဲ့။

ရှင် အခုတော့ ခေတ္တာရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါရောလား။

မနက်တိုင်း စောင့်ကြည့်ပြီး ပြန်သွားတတ်သူကို လူ ချောကို ကြာလာတော့ အသည်းယားမိတာ အမှန်ပါ။

အားမလို အားမရလည်း ဖြစ်မိသည်။





"မိစမ်းရေ... ရေနွေးပူပူဓာတ်ဘူးထဲ ထပ်ဖြည့်ခဲ့"

...ခေတ္တာက သက်လျာကို ဓာတ်ဘူးထဲက ရေနွေးပူပူ တစ်ခွက် ...ည့်ပေးသည်။ အဖျားတိုင်းဖို့ ပြဒါးတိုင်ကလေး ပြေးယူ ...၏။

"လာ...လာ အဖျားတိုင်းရအောင်"

ကြည်မင်းဇော်က ဘယ်သူမှ မပြောဘဲ ခုံတစ်လုံးမှာ ...ထိုင်လိုက်၏။

သက်လျာကို ပို့ပေးပြီး ပြန်ဖို့ စိတ်ကူးထားခဲ့တာပါ။

အခုတော့ မပြန်နိုင်။

ချက်ချင်း မပြန်ချင်။

သူမက သက်လျာ၏ အစ်မပါလား။

သူ ဘာလို့ မသိခဲ့တာလဲ။

တွေ့မယ့်တွေ့တော့လည်း လွယ်လိုက်တာ။

"ညွှေ့သည်အတွက် ကော်ဖီတစ်ခွက် လုပ်ခဲ့"

ရွှေခေတ္တာက သက်လျာကို နဖူးပေါ် ရေခဲတင်ပေး ...ည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲတုံးကလေးကို မျက်နှာသုတ်ပဝါပေါ်က်စ
နှင့် ပတ်ကာ နဖူးပေါ်တင်ပေး၏။

မိစမ်း ဆိုသော ကောင်မလေးက သက်လျာ
စောင်တစ်ထည် လာခြုံပေးပါသည်။

"ခဏနေဦး သက်လျာရဲ့ အရမ်းမခြုံထားနဲ့ အဖျား
ကြီး သွားမယ်၊ ငြိမ်ငြိမ်နေလေ။ ရေနွေးပူပူ ထပ်သောက်ဦး"

သူက သူမ၏ ဖျတ်လတ်သွက်လက်သော ပုံ
ကလေးကို ကြည့်ကာ နှုတ်ခမ်းတွေ ပြုံးနေမိ၏။

"တော်တော် ခေါင်းမာတယ်။ ဖျားနေတာတော
အပြင်လျှောက်သွားသေးတယ် တကယ်ပဲ"

သူ့ညီမကို လိုအပ်တာမှန်သမျှ လက်က အဆ
မပြတ် လုပ်ပေးရင်း ပါးစပ်ကလည်း ဆူပူအပြစ်တင်နေ

"ဘာတွေ လျှောက်လုပ်နေမှန်း မသိဘူး။ ဆိုင်
အေးအေးဆေးဆေး မထိုင်ဘဲနဲ့ အဓိပ္ပါယ်မရှိတာတွေ စိတ်
ယဉ်နေတယ်။ အိမ်က ဘယ်သူမှ အဲဒါတွေ အားပေး
မဟုတ်ဘူး။ ပြောမရလို့ ကြည့်နေတာ။ တားမရလို့ လွှ





ထားတာ။ သူက အကောင်းမှတ်နေတယ်။ ဆိုင်အတွက်
ကြော်ငြာရိုက်ပေးပါလားဆိုတော့ ဟင့်အင်းတဲ့၊ တခြား
ကြော်ငြာကျတော့ သွားရိုက်တယ် ကြည့်လို့ကို မရဘူး"

ရွှေခေတ္တာက သက်လျာကို တဖျစ်တောက်တောက်
ပြောနေ၏။

"မမ ခေတ္တာ၊ တော်ပါတော့၊ နားပူလာပြီ"

သက်လျာက ပြန်အော်သည်။

ခေတ္တာတဲ့လား။

ကြည်မင်းဇော်က နာမည်ကလေးကို ချစ်စနိုးနှင့်
င်ထဲက ခေါ်ကြည့်သည်။

ခေတ္တာ . . . ခေတ္တာ . . . ခေတ္တာ။

အရမ်းခေါ်လို့ ကောင်းသည်။

နာမည်လေးက ရိုးပြီး ဆန်းသည်။

ခေတ္တာက ကြည်မင်းဇော်ကို မသိမသာ ခိုးကြည့်၏။

ကျကျနန ထိုင်ပြီး ကော်ဖီသောက်လို့

ချက်ချင်း လက်ငင်းပြန်မည့်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း သတ္တိတွေက ရှိနေပါရောလား။

''ဘာဆိုင်အတွက် ကြော်ငြာရိုက်ချင်တာလဲ။ သက်လျာကို ကျွန်တော်ပြောပေးမယ်လေ။ အားလုံး စီစဉ်ပေးလို့ ရပါတယ်''

ရွှေခေတ္တာက သူ့ကို တစ်ချက်ကြည့်ပြီး လိပ်စာကတ်ကလေး သွားယူလာပေး၏။

''ရွှေခေတ္တာ . . ဇာဆိုင်''

ဇာအမျိုးမျိုး လက်လီလက်ကား အရောင်းဆိုင် ရွှေခေတ္တာကိုကို . . .

Ph .....''

လိပ်စာကတ်ကို ကြည့်ပြီး ကြည်မင်းဇော်က ခေါင်းညိတ်၏။

ငွေသက်လျာကိုကို၏ အစ်မ ရွှေခေတ္တာကိုကို ကိုသူက မြတ်နိုးသက်ဝင် မျှော်လင့်နေမိတာကို။

သည့်လိုမှန်းသိရင် အစောကြီးကတည်းက သက်လျာအိမ်ကို ရောက်လာမိမှာပါ။

ဉာဏ်ဝင်းစာပေ



ကိုယ့်ချစ်သူကလေးရှိရာ အရပ်ကို ကိုယ်က မသိခဲ့ပါ ခေတ္တာရယ်၊ သိရင် မလာဘဲ နေနိုင်ပါ့မလား။

✹

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

သက်လျာက မယုံမရဲနှင့် မော့မော့ကလေး ကြည့်နေ း သည့်ရက်တွေဟာ သက်လျာဘဝမှာ အချမ်းမြေ့ရဆုံး ရက်တွေပါ။

ဆရာက သက်လျာကို အရမ်းဂရုစိုက်သည်။

မနက်ပိုင်းလည်း တစ်ခေါက်လာသည်။ ညနေပိုင်း ည်း တစ်ခေါက်လာသည်။

စားချင်တာ ဝယ်လာပေးသည်။ သက်လျာ အိပ်မက် း မက်နေတာလား။

အိပ်မက်ဆိုရင်လည်း နိုးသွားမှာ စိုးတယ်။ ဆက်ပြီး က်နေချင်သေးတယ်ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



"မနိုးချင်တော့ဘူး"

"သက်လျာပဲ ရေခဲမုန့်စားချင်တယ်ဆို၊ ဆရာဝန်က စားလို့ ရပြီတဲ့။ သေချာမေးပြီးမှ ဝယ်လာခဲ့တာ"

ဝမ်းသာလွန်းလို့ မျက်ရည်လေးတွေ ဝေ့တက်လာ ရပါသည်။ ဆရာ သက်လျာကို အသိအမှတ်ပြုပြီပေါ့။

ဆရာက ရေခဲမုန့်ဗူးကို ကိုယ်တိုင်ဖွင့်ပေးပြီး ဇွန်း သေးသေးကလေးကို လက်ထဲ အရောက်ထည့်ပေး၏။

တစ်သက်လုံး စားခဲ့ဖူးသမျှ ရေခဲမုန့်တွေထဲမှာ သည်ရေခဲမုန့်က အရသာ အရှိဆုံးပင်။

ခွံ့မကျွေးရုံတမယ် ကြင်နာယုယမှုများက နွေးထွေး လှိုက်လှဲလွန်းပါဘိ။

"စားလို့ကောင်းလား"

"အင်း"

ရင်ထဲမှာ တထိတ်ထိတ်နဲ့ ယုံတောင် မယုံရဲဘူး။ ဆရာရယ်၊ သက်လျာ အရမ်းကံကောင်းလာပြီပဲ။

ဉာဏ်ဝင်းစာပေ



အခုမှပဲ သက်လျာဘဝကလေး အဓိပ္ပါယ် ရှိလာ၏။ တစ်ဖက်သတ် အချစ်တွေကို တိတ်တခိုး သိုဝှက်ရင်း မျှော်တလင့် အနေအထားကနေ လွတ်မြောက်ခဲ့ပြီ။ သက်လျာ ဝမ်းသာလိုက်တာ။

ဆရာ့ မျက်နှာက ကြည်လို့ ရွှင်လို့။

ဟိုတုန်းကလို တင်းတင်းမာမာ အေးတိအေးစက်ကြီး မဟုတ်တော့ပါ။

✹

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"သက်လျာကို ဆရာ ပြောစရာ ရှိတယ်"

ဟု ဆိုပြီး ခြံထဲကို ခေါ်လာတော့ ရင်ထဲက နှလုံးသား သည် တဒုန်းဒုန်း တဒိန်းဒိန်းနှင့် ဟန်မဆောင်နိုင်လောက်အောင် ခုန်လှုပ်နေ၏။

ဆရာရယ် . . .

အစောကြီးကတည်းက ပွင့်လင်းသင့်တာ။

နေမကောင်းဖြစ်မှပဲ ဆရာက သက်လျာကို သနားသွားတော့တယ်။

အစကတည်းက ဖွင့်ပြောလိုက်လည်း ပြီးရော။

တအုံနွေးနွေးနဲ့ မျိုသိပ်ထားရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း" သို့ ခေါင်းညိတ်ချင်လို့ စောင့်နေတာဖြင့် ကြာလှပါပြီ။

သက်လျာက နှုတ်ခမ်းလေးကိုက်ကာ ဆရာ့စကားကို နားစွင့်နေမိ၏။

ဆရာက ပြောရခက်သလို ပုံစံကြီးနှင့် ဟိုဘက် သည်ဘက် လျှောက်နေသည်။

"သက်လျာ"

"ရှင်"

"ဆရာ့စကားကို လေးလေးနက်နက် ထားစေချင်တယ်၊ ဆရာ တကယ် အတည်ပြောတာပါ"

"ဟုတ်ကဲ့"

တိုးတိမ်သော အသံကလေးနှင့် ခေါင်းညိတ်ကာ ခြေထောက်ကလေးတွေ လှုပ်လှုပ်ခါနေမိ၏။

ဒန်းပေါ် ထိုင်နေရပေမယ့် စိတ်တွေက အရမ်းလှုပ်ခတ်နေသည်။





ရေငပ်သလိုလို ခံစားမှုနှင့် နှုတ်ခမ်းတွေပင် ခြောက်သွေ့လာ၏။

ဆရာ့ကို လှမ်းကြည့်ပြီး ပင့်သက်တစ်ချက် ခိုး ရှိုက်မိသည်။

"ဆရာ... သက်လျာ အစ်မကို လက်ထပ်ချင်တယ်"

"ရှင်"

"ဟုတ်တယ်၊ သက်လျာရဲ့ မမရွှေခေတ္တာကို ဆရာ သဘောကျနေခဲ့တာ ကြာပြီ"

နားထဲမှာ ပူပြင်းသော လှိုင်းတစ်ခု ရိုက်ခတ်သွားသလို အုံသွား၏။

လေးလံသော အရာဝတ္ထုတစ်ခု ရင်ဘတ်ပေါ် ပြုတ်ကျသွားသလို 'အင့်' ကနဲ မွန်းကြပ်သွား၏။

ဆရာ ဘာတွေ ပြောလိုက်တာလဲ။

ဘယ်လို... ဘယ်လို

မမရွှေခေတ္တာကို ဆရာက သဘောကျသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



လပ်ထပ်ချင်သည်အထိ ဆုံးဖြတ်ထားပြီးသားတဲ့လား။

ဖြစ်မှ ဖြစ်ရလေ . . .

သက်လျာရယ် . . .

ကိုယ့်ကိုကိုယ် တော်တော် သနားသွားမိပါသည်။

မျှော်လင့်ချက်တွေ ရုတ်ခြည်း သေဆုံးသွား၏။

"ဆရာ ဖွင့်မပြောရသေးဘူး"

ကြည်မင်းဇော်က သက်လျာကို စေ့စေ့ကြည့်ကာ တောင်းဆိုလာ၏။ သက်လျာ မျက်နှာလွှဲမိသည်။

"သဘောတူပေးပါ သက်လျာ၊ သက်လျာဆီက ခွင့်တောင်းပြီးမှ ပြောချင်တယ်။ တကယ်လို့ သက်လျာက သဘောမတူဘူးဆိုရင် ဆရာ မပြောဘဲ နေမယ်"

အဲဒီလိုတော့ အကြပ်မကိုင်ပါနဲ့ ဆရာရယ်။

သက်လျာက ဘာလို့ ဝင်ပြီး ဆုံးဖြတ်ရမှာလဲ။

ဆရာနဲ့ မမခေတ္တာတို့ သဘောပါ။

ဆုံးဖြတ်ရမယ့် သူက သက်လျာ မဟုတ်ပါဘူး၊ မိဘတွေပါ လူကြီးမိဘတွေနဲ့သာ ဆိုင်တာပါ။





"သက်လျာ မကန့်ကွက်ဘူးဆိုရင် ကိုယ်ကြိုးစားပြောကြည့်မယ်၊ သက်လျာဆီက အရင်ဦးဆုံး အသိပေးခွင့်တောင်းသင့်တယ် ထင်တာပဲ။ ကိုယ့်အပေါ် နားလည်ပေးပါ သက်လျာ"

သက်လျာက ဝေ့တက်လာသော မျက်ရည်တွေကို မျက်တောင်ခတ်ပစ်သည်။

အခုတလော ဆရာ ဂရုစိုက်နေသမျှ အားလုံးဟာ ဆရာ'ဖား' နေခြင်း သက်သက်ပေါ့နော်။

သက်လျာကတော့ တစိမ့်စိမ့် ကြည်နူးနေလိုက်တာ။

"သက်လျာ"

"ဆရာ ကြိုက်သလို ဆုံးဖြတ်ပါ။ သက်လျာ မကန့်ကွက်ပါဘူး" ဟု ပြောပြီး သူ့အနားက ပြေးထွက်လာသည်။

သူ့ရှေ့မှာ မငိုချင်။

ကိုယ့်အပေါ် မနှစ်သက်သော ယောက်ျားတစ်ယောက်ရှေ့မှာ မျက်ရည်မကျပြချင်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားမာနတော့ ရှိချင်သေးသည်။

သည့်ထက် မသိမ်ငယ်ပါရစေနဲ့တော့။

ပိုဆိုးတာက အမျိုးတွေ တော်ချင်တော်ရမှာ။

အရုပ်ဆိုးသော အတိတ်တွေ မရှိစေချင်ပါ။

သက်လျှာက နောက်ဆုတ်လက်လျှော့ရမယ့် သူပါ။

စောစောစီးစီးကတည်းက အရှက်မရခင် လက်လျှော့သင့်သည်။ မမခေတ္တာကရော ဆရာ့အပေါ် ဘယ်လိုသဘောထားပါလိမ့်။ ဆရာကတော့ သဘောကျနေခဲ့တာ ကြာပါပြီဟု ဝန်ခံသွားသည်။

သက်လျှာက အခန်းထဲ ဝင်လာပြီး တံခါးပိတ်ကာ တိတ်တိတ်ကလေး ငိုရှိုက်၏။

ဖြစ်နိုင်လျှင် ဆရာနှင့် အဝေးဆုံးကို ပြေးသွားချင်မိသည်။ ခံနိုင်ရည် မရှိတော့လို့ပါ။



''သက်လျှာ''

မမရွှေခေတ္တာ အခန်းထဲ ဝင်လာကတည်းက သက်လျှာ သိနေပါပြီ။ သက်လျှာကို ပြောစရာတစ်ခုခု ရှိနေဆိုတာ။ သို့ပေမယ့် မကြားချင်။ ပြန်ပြောစရာ စကားလည်း [illegible]။ ဆရာနှင့်ပတ်သက်ပြီး မမမှာ ကြိုက်သလို ဆုံးဖြတ်ခွင့် [illegible]သည်။

မတိုင်ပင်ပါနဲ့ မမရယ် . . .

သက်လျှာက အသဲကွဲနေရသူပါ။

မမတို့ လျှောက်လှမ်းမယ့် လမ်းခရီးကို မနှောင့်ယှက်ဘူး။ မတားဆီးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် ကြည်ဖြူမှ ကောင်းမွ

သက်လျာက တစ်ဖက်သတ် ဖြစ်နေတာ။

ဘယ်လိုမှ မနိုင်ဘူးဆိုတာ သိနေပါပြီ။

ဆရာနဲ့ မမက အသည်းချင်း တူနေကြပြီလေ။

မမနဲ့ဆရာက ဖူးစာအစစ်အမှန်တွေပါ။

သက်လျာလေ . . .

ဟိုးရင်ထဲ အနက်ရှိုင်းဆုံးတစ်နေရာအထိ ကြေ

ဝမ်းနည်းအားငယ်နေမိပါတယ်။

ဖြေလို့လည်း မရဘူး။

အတွင်းကြေဆိုတာ တကယ် ခံစားရတော့မှ တက

မသက်သာပါလားဆိုတာ သက်လျာ သိလာတယ်။ သက်လ

အရှမ်း ငိုချင်နေတယ်။

သူငယ်ချင်းတစ်ယောက်က အားပေးတယ်။

နေ့ဝင်ပြီးသွားရင် လထွက်လာမှာပါတဲ့။

နင် ဒီလောက် ပူလောင်ခံစားရပြီးမှတော့ အေးမြ

လရောင် နင့်အပေါ် ဖြာကျလာဦးမှာပါတဲ့။

ဉာဏ်ဝင်းစာပေ



သူပြောသလို ဖြစ်နိုင်တာပဲ ထားပါဦး။

လရောင် အေးအေးကို သက်လျာ အားတင်းစောင့်

င်းနိုင်ပါ့မလားဟင်။

"ညီမလေး သက်လျာ အိပ်ပြီလား"

"ဟင်"

အိပ်ချင်ယောင်ဆောင်နေလို့လည်း မရပါလား။

မတတ်သာပဲ ငုတ်တုတ် ထထိုင်ရသည်။

"မမ ပြောစရာရှိလို့"

"အင်း"

"ညီမလေးဆရာက မမကို လက်ထပ်ခွင့်တောင်း

ယ်"

"ဟုတ်"

ရင်ထဲက တိတ်တိတ်လေးကျေးဇူးတင်ပါတယ်

ား။

ဆရာ ကြိုတင်ပြောပြမထားခဲ့ရင် သက်လျာ အရှမ်း

ပ်ဆိုးသွားမှာ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဟန်မပျက် ရင်ဆိုင်နိုင်ခဲ့ပြီ။

''သက်လျှာ''

''ဟင်''

''မမ ဘယ်လို ဆုံးဖြတ်သင့်သလဲ''

လာပြန်ပြီ . . . နောက်တစ်ယောက်။

ဘာလို့များ သက်လျှာကို လာမေးရတာလဲ။

''မမကြိုက်သလို ဆုံးဖြတ်ပေါ့''

ရွှေခေတ္တာက သက်လျှာကို အကဲခတ်နေသလို

''ညီမလေး သဘောတူရဲ့လား''

ငွေသက်လျှာကိုကိုက ခေါင်းကလေးငုံ့ပြီး မျက်

ချမိ၏။

သက်လျှာသဘောမတူရင် မမက ငြင်းမှာမို့လို့လား

မမက ဆရာ့ကို မေ့နိုင်မှာတဲ့လား။

မမ ဆရာကို ချစ်နေတာ သက်လျှာ သိပါတယ်

သက်လျှာကြောင့် အပြန်အလှန် ချစ်ကြတဲ့သူ

ယောက် မဝေးစေချင်ပါဘူး။





သက်လျှာကို ဆရာက လက်ထပ်ခဲ့ရင်ရော သက်လျှာ ကျေနပ်နိုင်မှာလား။

တကယ်လိုချင်တာက ဆရာ့အချစ်ပါ။

ဆရာ့ဘဝ မဟုတ်ပါဘူး။

''သက်လျှာ''

မမရွှေခေတ္တာက စိတ်မရှည်နိုင်တော့သလို ခေါ်သည်။

''မမက ချစ်နေတယ် မဟုတ်လား''

''အို . . . မဟုတ်တာ''

''ဆရာ့ကို မမ ချစ်ပါတယ်။ ချစ်နေတာပဲ၊ ခေါင်းညိတ်လိုက်ပေါ့၊ သက်လျှာ သဘောတူပါတယ်''

သက်လျှာက ဘာမှ မဖြစ်သလို ပြောလိုက်၏။

ရှေ့လျှောက် ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်တော့မည်။

ကျရှုံးဖူးသော နှလုံးသားကို လူမြင်မခံလိုတော့ပါ။

ခံစားတစ်ခုကို တိတ်တိတ်ကလေး သိမ်းထားလိုက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မမရွှေခေတ္တာ၏ ရှက်စနိုးအပြုံး မလုံမလဲမျက်
ကလေးနှင့် လုပသော မျက်စောင်းကလေးသည် အ
ကြောင့် နူးညံ့ချိုမြိန်နေ၏။

သက်လျာက ပင့်သက်ကလေး ရှိုက်သည်။

✹



''သမီးရယ် အစိမ်းရောင် တောက်တောက် မဝတ်
သမီး မမ မင်္ဂလာအချိန်လေး တခြား အရောင်ဝတ်ပါ
ကွယ်''

ဟု မေမေက ဆိုပေမယ့် သက်လျာက ခေါင်းမာမာ
အစိမ်းရောင်ကိုပဲ ရွေးချယ်မိသည်။

စိမ်းကားအေးစက်ချင်ပါတယ်။

ပြတ်သား မာကျောချင်ပါတယ်။

ဆရာ့ကိုလည်း မုန်းမေ့ စိတ်နာချင်ပါတယ်။

ဒါပေမယ့် သက်လျာ... အလိုက်သင့် တိတ်တိတ်
လေး အရှုံးပေးခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သက်လျာမျက်ရည်တွေကို ဘယ်သူမှ မမြင်ပါဘူး

ဆရာနှင့် မမခေတ္တာက မင်္ဂလာဆွေ့ခံပွဲအတွက် စီစဉ်

အလုပ်ရှုပ်နေကြပါသည်။

''ငါတော့ ခွင့်လွှတ်လို့ မရဘူး။ နှင့်လို နားမလည်

နိုင်ဘူး၊ ဆရာ အရမ်း ရက်စက်တယ်ဟာ၊ နင် ချစ်တာ

သိသိချည်းနဲ့ နင့်နှလုံးသားကို နင်းလျှောက်ရက်တယ်''

''တော်ပါတော့ဟာ ငါ မကြားချင်တော့ဘူး''

သူငယ်ချင်း ဇင်မာက မခံမရပ်နိုင် ဖြစ်နေ၏။

''နင်က ကလေးဆန်မလိုလို့နဲ့ တော်တော် သဘော

ထားကြီးပါလား နင် အားလုံးကို တစ်စက်မှ ဟန်မပျက်

လိုက်လျောနိုင်တယ်။ တကယ်ပါပဲ''

သူငယ်ချင်းက ဝေဖန်နေသေး၏။

ငါ့ရင်ထဲမှာ ဘာတွေ ဖြစ်နေလည်း နင်မှ မသိ

ဇင်မာရယ် . . . ငါ ဘယ်လောက်အထိ ခံစားနေရလဲ

သိတယ်။

✹



ဖုန်းမြည်သံကြောင့် ကြည်မင်းဇော်က မျက်လုံးပင်

မဖွင့်နိုင်သေးဘဲ ဖုန်းခွက်ကို လက်နှင့် စမ်းယူပြီး ထူးလိုက်

၏။ အရမ်း အိပ်ချင်နေသေးသည်။

စောစောစီးစီး ဘယ်က ဖုန်းပါလိမ့်။

''ဟက်လို''

''ကိုကိုလား''

''ဟာ . . . ညီညီ မင်း ဘယ်က ပြောနေတာလဲ''

ကြည်မင်းဇော် မျက်လုံးဖွင့်ပြီး ဝေါက်ကနဲ ထထိုင်

မိ၏။ ညီညီ့အသံက အိပ်ချင်စိတ်ကို ပြယ်သွားစေသည်။

''ကိုကို ကျွန်တော် ပြန်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . အခု ဘယ်မှာလဲ"

"ကျွန်တော့်သူငယ်ချင်းအိမ် ခဏဝင်လည်ပြီးမှ မြန်မာပြည် ပြန်လာမယ်။ ကိုကို့မင်္ဂလာပွဲအမီပေါ့ ဟက် ဟက်"

"ဟာ . . ဘယ်နေ့မှ ရောက်မှာလဲ"

"တစ်ပတ်နှစ်ပတ်လောက် ကြာဦးမယ်"

"မဖြစ်ဘူးကွ"

"ဘာလို့လဲ"

"ကိုကိုက မင်္ဂလာလက်မှတ်ရေးထိုးပွဲလုပ်ပြီး မင်္ဂလာဆွမ်းကျွေးပြီးတာနဲ့ ညစာစားပွဲကို ကမ်းခြေမှာ သွားလုပ်မှာကွ"

"အားပါး . . . အရမ်း Good၊ ကောင်းပါလား (Beach Wedding) ကမ်းခြေ မင်္ဂလာပွဲပေါ့"

"ဟုတ်တယ်"

"ဘယ်သူ့ (အိုက်ဒီယာ) စိတ်ကူးလဲ"

"ကိုကိုနဲ့ မင်းမရီး နှစ်ယောက်စလုံးရဲ့ စိတ်ကူးပဲ"

"တယ်ဟုတ်ပါလား"





"ညီ မင်းမြင်ရင် မိန်းမ ယူချင်စိတ်ပေါက်သွားမယ်။ ကမ်းခြေမှာ မင်္ဂလာပွဲလုပ်မှာ သတို့သမီးဝတ်စုံက ခရုခွံလေးတွေနဲ့ ဒီဇိုင်းထွင်ထားတာကွ၊ သတို့သမီး အရံတွေက ဟာဝါရီကျွန်းသူတွေလို ဝတ်မှာ။ ကိုကိုက သေသေချာချာ စီစဉ်ထားတာ"

"ဟုတ်လား"

"ပြီးတော့ သီချင်းလည်း ရွေးထားတယ်။ Underneath The Mango Tree နဲ့ အခါတော်ပေးဖို့ ရွေးထားတယ်ကွ"

"ဘာသီချင်းလဲ ကိုကို"

"ဟာကွာ UNDERNEATH THE MANGO TREE လေကွာ"

"သိပြီ . . . သိပြီ၊ ကိုကို ဘာဝတ်မှာလဲ စီစဉ်ထားပြီးပြီလား"

"အဓိက သတို့သမီး လှဖို့ပါ။ ငါက ကမ်းခြေ ဒီဇိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်အကျီကွာ၊ DL တံဆိပ်။ (DANTEL - LEUIS) နဲ့ နက်တိုင်နဲ့ပဲ ကမ်းခြေပွဲဆိုတော့ ကုတ်အကျီ မဝတ်တော့ဘူး''

''ကောင်းသားပဲ''

ညီက သူပြောသမျှ သဘောကျပြီး ရယ်နေ၏။

''ကိုကို . . . မရီးက ဘာဆိုင်ဖွင့်ထားတာလဲ''

''ဖာ ဆိုင်လေ''

''ဖာဆိုင် ဘာဖာလဲ''

''ဟာ . . ပွဲနေပွဲထိုင်ဖာပေါ့၊ နောက်ဆုံးပေါ် အဆင်စန်းတွေ ကမာဖာ၊ ရွှေချည်ငွေချည်ဖာ၊ ကနုကမာဖာ၊ ကြိုးထိုးဖာ၊ ရွှေတက်တင်၊ ငွေတက်တင်၊ 2 colour ဖာ၊ ကာလာဖာ၊ လီနင်ဖာ၊ ချည်ဖာ၊ ကီမိုနို၊ ပိုး၊ ဖဲ . . . အစုံပဲကွာ ငါ မသိတာတွေလည်း ရှိသေးတယ်''

''တယ်ဟုတ်ပါလား၊ ကိုကို တော်တော် သိနေပါလား''

''မသိရင် မင်း မရီးက စိတ်ဆိုးမှာကွ၊ ငါ မေးမြန်းလေ့လာထားရတယ်''





''ကိုကို့အသံ နားထောင်ရတာ တော်တော် ချစ်ပုံပဲ''

''ဒါပေါ့ . . မင်းမရီးက သူရောင်းတဲ့ ဖာတွေလိုပဲ ကျက်သရေရှိရှိနဲ့ ချောတာကွ''

''ညွှန်းလှချည်လား၊ ရောက်မှ ကြည့်ရမယ်''

ကြည်မင်းဇော်က ဝမ်းမြောက်ဝမ်းသာစွာနှင့် ညီငယ်ကို ပြောပြနေမိသည်။

✹



www.burmeseclassic.com

www.burmeseclassic.com

လှပသော ခရုခွံကလေးများကို အသုံးပြုကာ လုပ်ထားသော သတို့သမီး ခေါင်းဆောင်းပဝါကလေးနှင့် လက်ကိုင်ပန်းကို ကြည့်ပြီး သက်လျာက ငေးနေမိ၏။

မင်္ဂလာညှော်ခံပွဲကို ကမ်းခြေမှာ ဆန်းဆန်းပြားပြား ဖြစ်အောင် လုပ်မတဲ့လား။

ဆရာရော မမခေတ္တာပါ အရမ်းပျော်နေကြသည်။ မင်္ဂလာပွဲအတွက် စီစဉ်နေကြတာ မမောနိုင်၊ မပန်းနိုင်။

မမခေတ္တာက ရွှေရောင်သတို့သမီးဝတ်စုံကို ခရုခွံကလေးများ ပုလဲလုံးကလေးနှင့် အဆန်းထွင်ချုပ်ထား၏။ ခေါင်းဆောင်းပဝါကလေးရော သတို့သမီးဝတ်စုံ (Wedding



www.burmeseclassic.com

www.burmeseclassic.com



Gown) ရော လေဒီရှူးကလေးရော လက်ကိုင်ပန်းရော အားလုံး ရွှေရောင်။ ဆံပင်ရှည်ကြီးနှင့် ရွှေရောင်သတို့သမီး ဝတ်စုံနှင့် မမခေတ္တာက ရွှေမင်းသမီးလေးတစ်ယောက်လို လှပ ကြော့မော့နေ၏။

"သက်လျာ"

"ဟင်"

ငေးငေးကလေး မျက်ရည်ဝဲနေသော သက်လျာဘေးကို ခေတ္တာ ရောက်လာ၏။

"ဘာတွေစဉ်းစားနေတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"သက်လျာ နေကောင်းရဲ့လား"

"ကောင်းပါတယ်"

သက်လျာက ပြတင်းပေါက်ဘက်ကို လှည့်ရပ်ပြီး ပျက်နေသော မျက်နှာကို မမ မမြင်အောင် ဖုံးကွယ်ဖို့ ကြိုးစားမိ၏။ မမကို စိတ်အနှောင့်အယှက် မဖြစ်စေချင်။





"သက်လျာ ကမ်းခြေကို မလိုက်ရင် ရမလားဟင်"

"မဟုတ်တာ၊ သက်လျာနော်၊ မရပါဘူး၊ လိုက်ခဲ့ပေါ့။ သက်လျာမပါလို့ ဘယ်ဖြစ်မလဲ၊ မမတို့က ညီအစ်မ နှစ်ယောက်တည်းရှိတာ"

ငြင်းလို့လည်း ရမှာမဟုတ်။

မေမေကလည်း လိုက်ခဲ့ဖို့ မရမက ခေါ်မှာပါ။

ဖြစ်နိုင်လျှင် သက်လျာ မလိုက်ချင်။

✹



www.burmeseclassic.com

www.burmeseclassic.com

၂၈

အခန်းဖာံခါးပိတ်ပြီး ဆွဲနေခဲ့သော ပန်းချီကားလည်း ပြီးသွားပြီမို့ သက်လျာက ခါးလေး ဆန့်ပြီး အညောင်း ဖြေလိုက်၏။ ဆရာ့ပုံတူ ပန်းချီကားပါ။

ရင်ထဲ ခံစားနေရသမျှ ပန်းချီကားထဲ စိတ်နှစ်ထည့်ကာ ရေးဆွဲလိုက်သည်။

သည်ပန်းချီကားပြီးချိန်ကစပြီး ဆရာ့ကို သက်လျာ ဘဝထဲက အပြီးအပိုင် နှင်ထုတ် မေ့ပစ်လိုက်ပါပြီ။

ဘယ်တော့မှ ခါးသီးသော အတိတ်ကို ပြန်မတွေးချင်။ ဆရာ့ကို မေ့ပစ်ဖို့ ကြိုးစားတော့မည်။

ပြတင်းပေါက်က လှမ်းကြည့်တော့ မမရွှေခေတ္တက



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းပင်တွေကြားမှာ အလုပ်ရှုပ်နေတာ တွေ့ရသည်နှ
ဆင်းလာခဲ့ပါသည်။

မမရွှေခေတ္တာ၏ သိမ်မွေ့နူးညံ့သော အလှ၊ တည်
တင်းအေးဆေးသော အနေအထိုင်၊ အရည်အချင်းရှိမှု၊ ပြ
တော့် မိန်းမပီသမှု၊ သက်လျာနှင့် ဘယ်လိုမှ မယှဉ်သာ။

“မမ”

“ဟင် . . . သက်လျာ”

“မမ ဘာလုပ်နေတာလဲဟင်”

“နှင်းဆီပင်လေးတွေ ကိုင်းဖြတ်စိုက်မလို့”

“ကိုင်းဖြတ်စိုက်မှာလား”

“ဟုတ်တယ်”

“မမ အိမ်ကို ယူသွားဖို့လားဟင်”

“အင်း”

စာတိုက် သေတ္တာလို ပန်းအိုးကလေး။ ငှက်သိုက်
အိမ်လို လုံးလုံး ပန်းအိုးကလေး။ တယ်လီဖုန်းအိမ်ကလေး
ရှည်မျောမျော ပန်းအိုးကလေး။





ပန်းအိုးကလေးတွေက လှလိုက်တာ။

“ဒီအိုးကလေးတွေနဲ့ စိုက်မှာလားဟင်”

“အင်း”

နှင်းဆီပန်းကလေးတွေ အရောင်စုံအသွေးစုံ ဖူးပွင့်
နေတာကလည်း မမခေတ္တာ စိုက်ပျိုးထားတာပါပဲ။

“နှင်းဆီပင်တွေက နေရောင်ခြည် လုံလောက်စွာ
ရဖို့ လိုအပ်တယ်။ တစ်နေ့ကို နေရောင်ခြည် (၆) နာရီ
လောက်ရမှ လုံလောက်မယ်။ ရေမှန်မှန် လောင်းပေးဖို့လည်း
လိုတယ်။ မိုးမရွာတဲ့အခါ မိုးရွာသလို အရွက်တွေကိုပါ ရေဖျန်း
ပေးရမယ်”

“အင်း”

မမက အိမ်ခွဲနေတော့မှာမို့ သက်လျာကို ပြောပြနေ
သည်။

“မြေဩဇာလည်း မှန်မှန်ထည့်ပေးရမယ်”

“အခု ကိုင်းဖြတ်စိုက်မှာဆို”

“ဟုတ်တယ်၊ ကိုင်းဖြတ်စိုက်မယ့် နှင်းဆီကိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး အဆစ်တောင့်တောင့် ၂ ဆစ်ပါရမယ်။ ဖြတ်နေ
အပင်ဖြတ် ကပ်ကြေးနဲ့ ဖြတ်ရမယ်။ အဆစ်နှစ်ဆစ်ရဲ့ အထ
လက်မဝက်ခန့် နေရာကို ထောင့်ဖြတ်စောင်းစောင်းလေး ညှ
ရမယ်။ အဆစ်နှစ်ဆစ်ရဲ့ အောက်ကို အမြစ်တွယ်ဖို့ ကျ
ကျယ်ချန်ထားရမယ်။ အပေါ်လိုပဲ ထောင့်ဖြတ်စောင်းစော
ညှပ်၊ နှင်းဆီရိုးတံရိုးမှာရှိတဲ့ အရွက်တွေကို ပန်းဖြတ်က
ကြေးနဲ့ ဖယ်ပစ်။ အမြစ်အားဆေးကို မြေမှာ ထိုးစိုက်မယ်
နှင်းဆီကိုင်းအစွန်းမှာ ကျွေးထားလိုက်။ ပြီးရင် အသင့်ပြ
ထားတဲ့ မြေကြီးမှာ စိုက်လိုက်တော့ ရပြီ။ ပြီးရင် ရေစိမ့်
အောင် လောင်း။ ပြီးရင် ဒီအပေါက်ပါတဲ့ ပလပ်စတစ်အိ
ကို မှောက်ပြီး အုပ်ထားလိုက်တော့။ ပလပ်စတစ်အိတ်
အောက်ခြေမှာ ကျောက်တုံးသေးသေးလေးထား။ ရမှ လေ
လေထွက်ကောင်းမှာ။ ပြီးရင် ဂရုစိုက်ကြည့်ရမယ်။ ၇ လ
လောက် အရွက်အညွန့်တွေ ထွက်လာမှ စိုက်ချင်တဲ့အ
စိုက်ချင်တဲ့နေရာ ပြောင်းစိုက်ရမယ်။ အရေးကြီးတာက အ
တစ်ပိုက်မှာ ရေအစိုဓာတ်ရှိနေရမယ်။ ရွက်သစ်တွေ ထွ





က်စတစ်အိတ်ဖယ်ရင် အမြစ်တွေ မထိအောင် ဂရုစိုက်
ယ်''

''ဟင်း . . . မလွယ်ပါလား''

ခေတ္တာက စိတ်ရှည်ပေမယ့် သက်လျာက စိတ်
ည်။

''ပန်းတွေပွင့်လာတာ မြင်ရင် အမောတွေအကုန်လုံး
ျောက်ရော၊ စိုက်ကြည့်မှ သိမှာ''

နှင်းဆီပင်ကလေးတွေကိုတောင် ကိုင်းက ဖြတ်ပြီး
ရှည်လက်ရှည် စိုက်ပျိုးပြုစုတတ်တာ။

''အချစ်'' တစ်ခုကိုလည်း မမက ဖူးပွင့်ဝေဆာ
တ်ဆတ်နေအောင် ပျိုးထောင်ယုယတတ်မှာပါ။

သာယာသော ဘဝတစ်ခုကို မမ ကျိန်းသေ ပိုင်ဆိုင်
။ သက်လျာ ယုံကြည်နေမိသည်။

✹



www.burmeseclassic.com

www.burmeseclassic.com

"အေးမြမြ

ရင်ထဲ ဖြာကျလာသော လတစ်စင်း...."

'လ'၏ အနမ်းက

ဘဝတစ်ခုလုံးကို

ချမ်းမြပြည့်စုံစေသည်။

✹

ညကော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''အမေ့''

အင့်ကနဲ အံရှိန်နှင့် ဝင်တိုက်မိတာမို့ သက်လျာ၏ ကိုယ်လေး ယိုင်ကျမတတ် ဖြစ်သွားရ၏။

ဝင်တိုက်မိသော တစ်ဖက်လူက ဖမ်းထိန်းထားပေး လို့သာ ပြိုလဲမကျသွားတာပါ။

ဇိုက်မိသည့်အရှိန်က ပြင်းသည်။

''ဆောရီး . . . ဆောရီး''

တောင်းပန်သံကို ကြားရပေမယ့် လက်မခံချင်ပါ။

ရုပ်ပျက်ဆင်းပျက် သူ့ရင်ခွင်ထဲ ကျရောက်သွားရ တာကို ထူပူရှက်ရွံ့စွာနှင့် သူ့ရင်ဘတ်ကို ဆောင့်တွန်းလျက် ရုန်းထွေ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ဖြစ်တာပဲ ထားဦး . .

ကိုယ့်အပြစ်လည်း ပါတယ်ပဲ ထားဦး . . .

တစ်ခါမှ မသိဘူးသော သူစိမ်းတစ်ယောက်၏ ရင်ခွင်ထဲကို လုံးလုံးလျားလျား ကျရောက်ကာ သူ့ ထွက်သက် နွေးနွေးက ကိုယ့်မျက်နှာပြင်ပေါ် ကျရောက်လာတော့ လူတစ်ကိုယ်လုံး ရှက်စိတ်နှင့် ဒေါသစိတ်က ဘာကိုမှ မမြင်နိုင်လောက်အောင် မွှန်ထူသွားခဲ့သည်။

မော်ခန့်ဇော်က ရင်ဘတ်ကို ဆောင့်တွန်းခံရတာမို့ အောင့်ကနဲ ဖြစ်သွားရသည်။ သူက ကောင်မလေး လဲကျ မသွားအောင် စေတနာနှင့် ထိန်းပေးခဲ့တာပါ။ အခွင့်ရေး ယူတာမျိုး မဟုတ်ပါ။

သို့သော် ကောင်မလေးက ရိုင်းစိုင်းလှပါသည်။ သူ့ကို ဒေါသတကြီး တွန်းထုတ်ပစ်သည်။

ရှက်လို့ပဲဖြစ်ဖြစ်၊ ဘာလို့ပဲဖြစ်ဖြစ် သည်လို လုပ်မှု မကောင်း။





ကောင်မလေး၏ လက်တစ်ဖက် လေထဲ မြှောက်တက်သွားတာ ရိပ်ကနဲ မြင်တာမို့ မျက်လုံးတွေ ရောင်ရမ်းကာ မှိတ်ထားမိ၏။ သည်တစ်ခါတော့ သွားပြီ။ ပါးရိုက်ခံရပြီ။

တစ်သက်နှင့်တစ်ကိုယ် သူ တစ်ခါမှ ပါးရိုက်ခံရဖူးတာမဟုတ်။ ပြီးတော့ Internet Cafe ထဲမှာ လူတွေက အများကြီး။ အရမ်းရှက်စရာ ကောင်းသွားပြီ။

ရန်ကုန်ရောက်တာ သုံးရက်ပဲ ရှိသေးသည်။

သူ့တာထွက် မကောင်းပါလား။

ကိုကို ကြည်မင်းဇော်က အရမ်းကံကောင်းနေချိန်မှာ သူကတော့ ကောင်မလေးတစ်ယောက်၏ ပါးရိုက်ခြင်းကို ခံရတော့မည်။

ဇာတာခြင်းမတူ။ ကိုကိုက ဇာတာတက်နေချိန်မှာ သူက ဇာတာကျနေသည်။

ဘာလို့ သည်လို ဖြစ်ရတာလဲ။

မြန်မာပြည် ပြန်ရောက်လျှင် ရန်ကုန် ပြန်ရောက်လျှင် သူ့ ဖူးစာဖက်ကလေးကို မြန်မြန် ရှာတွေ့ဖို့ ဆုတောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတာ။ ကိုကို လက်ထပ်တော့မှာဆိုတော့ သူ အထီးကျန်
ပျင်းခြောက်သွားမှာအမှန်။

အခုတော့ မြားနတ်မောင်က သူ့ကို ကျီစယ်လွန်း
သူ မျှော်လင့်တာနှင့် ဆန့်ကျင်ဘက်။

မော်ခန့်ဇော် . . .

မင်းအပြစ်နဲ့မင်း ခံပေတော့။

မင်းက သွားဝင်တိုက်တာကိုး။

နှစ်ယောက်စလုံး မမြင်လို့ မရှောင်နိုင်ကြလို့ ဝင်တ
မိပေမယ့် သူက ယောကျ်ားလေးအားနှင့်ဆိုတော့ ကော
မလေးက ယိုင်ကျသွားသည်။

သူ့အပြစ်ဖြစ်ခဲ့ရပြီ။ ရိုက်ချင်လည်း ရိုက်ပါစေတော့
ရိုက်ရမှ ကျေနပ်မယ်ဆိုလည်း ကျေနပ်အော
အရိုက်ခံလိုက်တော့မည်။

စဉ်းစားမနေပါနဲ့တော့ ကောင်မလေးရယ် . . .

ရိုက်သာ ရိုက်ပစ်လိုက်ပါ။





သည် Internet Cafe ကို လာမိတာ သူ့အမှား။

သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းလာပြောမိတာပါ။

သည် အင်တာနက်ကဖီးမှာက ဖုန်းပြောလျှင် ရုပ်ပါ
မြင်ရအောင် လုပ်ပေးထားတော့ အဆင်ပြေပါသည်။

ကောင်မလေးကတော့ ဖုန်းလာပြောတာပဲလား။ E-mail လာပို့တာပဲလား ဘာမှန်းမသိ။

သေချာတာကတော့ သူ့ကို အရမ်းစိတ်ဆိုးသွား
တာပါပဲ။

ဟူး . . .

မလွယ်ပါဘူး။

မော်ခန့်ဇော် . . . မင်း အခုတလော အသွားအလာ
ဆင်ခြင်ပေတော့။

မှန်းချက်နဲ့ နှမ်းထွက်မကိုက်ချင်ဘူး။

ညက မဂ္ဂဇင်းတစ်စောင်မှာ သူ့ကို အချစ်ရေးအညံ့ရှိ
သည်ဟု ဟောစာတမ်း ထုတ်ထားတာ ဖတ်ခဲ့ရသည်။
ယတြာခြေဖို့လည်း တိုက်တွန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ရောက်ရောက်ခြင်း ဘုရားပေါ်မတက်ဖြစ်သေး လို့များ သည့်လို ကြုံရတာလား။

သက်လျှာကိုကိုက လက်တစ်ဖက်မြှောက်ပြီးမှ သူ့ပါး ကို ရိုက်ချဖို့ ရပ်တန့်သွားရသည်။

မျက်လုံးစုံမှိတ်ထားသော သူ့မျက်နှာက ပကတိ ရိုး သားကြည်လင်နေသည်။

တမင် ဝင်တိုက်တာ မဟုတ်ဘူးဟု ယုံကြည်စေ သည်။ ပြီးတော့ သက်လျှာ ကျေနပ်အောင် ရိုက်ချင်လည်း ရိုက်သွားစေတော့ဟု သဘောထားပုံပါ။

သူ့လည်ပင်းမှာ အကပ်ဆွဲထားသော ဘလိပ်ခေါင်းပုံ လော့ကက်တစ်ခု . . .။

အနက်ရောင်ဘက်သန်းသော ကြိုးနက်ပြာနှင့် ဘလိပ်ခေါင်းပုံလော့ကက်တစ်ခုကို ဆွဲထားသည်။

ရုပ်အင်္ကျီက အပေါ်ကြယ်သီးနှစ်လုံး ဖွင့်ထားတော့ သေသေချာချာ မြင်ရသည်။

ဉာဏ်ဝင်းစာပေ



ထိုမြင်ကွင်းက မြှောက်ထားသော သက်လျှာ လက်ကို တစ်စုံတစ်ရာက လှမ်းဆွဲထားသလို ရပ်တန့်ငြိမ် သက်သွားစေပါသည်။

ရုတ်တရက် ချက်ချင်း ဆရာ့လည်ပင်းကို မြင်ယောင် သလိုပါ။

တစ်ခါတလေ ဆရာက အဲဒီလိုမျိုး ဆွဲထားတတ် သည်။ တော်တော်လေးကို တူတာပါ။ ကြိုးကလေးရော၊ လော့ကပ်ရော။

ပင့်သက်တစ်ရှိုက်နှင့် သက်လျှာလက်ကို ပြန်ချလိုက် ပါးဆိုတာ အမြတ်တနိုး ထားကြတာပါ။ မရိုက်သင့်ပေ။

သို့သော် စိတ်က မွန်ထူပြီး ဒေါသနှင့် ရွယ်မိတာပါ။ ရှိပါစေတော့ . . .

သူက ဝင်တိုက်တယ်ပဲထား၊ သက်လျှာက ရှောင် သင့်မှာပါ။ သက်လျှာမှာလည်း အပြစ်မကင်း။

သည် အင်တာနက်ကဖီးလေးထဲက မြန်မြန် ထွက် သွားတာ ကောင်းလိမ့်မည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com



ကြာကြာ ဆက်ရပ်နေလျှင် သက်လျာပဲ အရှက်

တော့မှာ။ သူများတွေ ကြည့်ကုန်ကြပြီ။

သူငယ်ချင်းကိုပင် မစောင့်ဘဲ သက်လျာ လှည့်ထွ

လာခဲ့မိသည်။

''ဟော့ . . . ဟော့''

နောက်ကနေ လှမ်းအော်ပြီး သူက လိုက်လာ

သည်။

''ဆောရီး . . . ကျွန်တော် အနူးအညွတ် တောင်း

ပါတယ်ဗျာ၊ တကယ်ပါ''

''ရတယ်၊ ရတယ်၊ ရှင် သွားပါတော့၊ လိုက်မ

ပါနဲ့တော့''

ဟု ကပျာကယာ နှင်မိသည်။

သူ့ကို မမှတ်မိချင်ပါ။ မကြည့်ချင်ပါ။

ကြည့်မိလျှင် မှတ်မိသွားမည်။

မှတ်မိသွားလျှင် မတော်တဆ ပြန်တွေ့ခဲ့ သည့်

ရှက်ရွံ့အနေခက်နေရဦးမည်။





ပေးရှည့်လာမည့် ဖာတ်လမ်းတွေ မလိုချင်။

''ဟုတ်ကဲ့၊ သွားပါတော့မယ်''

ကောင်လေးက ချက်ချင်းပဲ လှည့်ဝင်သွားတော့

သည်။

သက်လျာ ရင်ဘတ်ဂွာလေးဖိကာ တော်ပါသေးရဲ့

တွေးမိသည်။

နေရာမရွှေ့ ဆက်ရပ်နေလို့ မဖြစ်။

သူများတွေ ဝိုင်းကြည့်နေကြတာ သိသည်။

ကိုယ်ကသာ အရမ်းရှက်ရတာ။

သူက ယောကျာ်း လေးဆိုတော့ မျက်နှာပူစရာမလို။

''သက်လျာ''

အနှမှ သူငယ်ချင်း အေးမာက ပြေးထွက်လာ၏။

''ဟိ . . ဟိ''

ကြည့်စမ်း . . . သူက သက်လျာတို့အဖြစ်ကို

ဘာကျ ရယ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်စရာ ကောင်းလိုက်တာ။ အေးမာ... သူ့ချစ်သူဆီ အီးမေးလ် လာပို့တာကို သက်လျှာ... လိုက်ခဲ့ပေးတာပါ။

"ရုပ်ရှင်ရိုက်တာ ကျနေတာပဲ"

"ဘာလဲ လျှောက်မပြောနဲ့"

သက်လျှာ သူ့ကို အော်မိသည်။

"တကယ်ပြောတာ"

"သွား . . . တော်တော့"

အေးမာကို သက်လျှာကိုကို တွန်းပစ်လိုက်၏။

"သက်လျှာရယ်၊ တကယ်ပါဆို၊ သူနဲ့ နင်နဲ့ အ... လိုက်တာပဲ၊ ကိုရီးယားမင်းသား မင်းသမီးကျနေ... သိရဲ့လား၊ နင်က လဲကျတော့မယ့်အချိန်မှာ သူက ဖမ်း... ပြီး ထိန်းပေးလိုက်တာ နင်တို့နှစ်ယောက် ဟိုဒင်း ဖြစ်... တာ"

"ဘာ ဟိုဒင်း ဖြစ်သွားတာလဲ"





သက်လျှာ မျက်နှာကလေးရှက်ရှက်နှင့် ရဲတက်လာ... ။ အေးမာကတစ်မျိုး၊ ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိဘဲ ...ယ်ကလေး သန့်ပြန့်တာ တစ်ခုတည်းနှင့် ကိုရီးယားမင်းသား ...င့် တူသလေး အရမ်းလိုက်ဖက်သလေး ဖြစ်သွားတော့တာ။ ...ပေါ်ပေါ်နှင့်။

"နင်တို့နှစ်ယောက်ဖက်လိုက်ကြတာ၊ မျက်နှာချင်း ...သွားတာ၊ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကြည့် ...ိုက်ကြတာ အမယ်လေး အရမ်းကောင်းတဲ့ လပ်စင်းလေး ...ပဲဟယ်"

"သေလိုက်ပါလား"

"ငါတို့ အားလုံး နင်တို့ကို ကြည့်နေကြတာ၊ ငြိမ်နေ ...ာပဲ။ နင်က ဆောင့်တွန်းလိုက်တော့ ငါတို့တောင် လန့် ...သွားတယ်"

အေးမာက ခေါင်းတရမ်းရမ်းနှင့် မဂ္ဂတ်ဒ်ပါဘူး ဟု ...ရွတ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အမယ်လေး နင်တို့ ဝိုင်းကြည့်ဖို့ပဲ အဲဒီလို ဆက်

ပေးရဦးမှာလား'' ဟု ရွဲ့ကာမေးမိ၏။

''တကယ်ပြောတာ နင်နဲ့ အဲဒီတစ်ယောက်နဲ့ အ

လိုက်ဖက်တယ် မျက်နှာချင်းလည်းဆင်တယ်''

''တော်ပါပြီ''

''နင့်ဖူးစာရှင်လေးလား မသိဘူး''

အေးမာက မဟုတ်တာတွေ ထင်ရာမြင်ရာ ရမ်း

ပြောနေတော့သည်။ ဖူးစာရှင်ဆိုတာ ဖြစ်ချင်တိုင်း လျှော

ပြောလို့မရ။ ဘယ်သူ့မှ သိနိုင်တာ မဟုတ်။

''သူ ဘာလာပြောသွားတာလဲဟင်''

''လာတောင်းပန်တာပါ''

''ဟင် . . . ဖုန်းနံပါတ်ကလေး ဘာလေး မတော

ဘူးလား၊ ရိုးလိုက်တဲ့ ကောင်လေး''

''တောင်းစရာလား တောင်းကြည့်ပါလား၊ ပါး

သွားမယ် ဟွန်း''





ငွေသက်လျှာကိုကိုက မျက်စောင်းနှင့် ပြောလိုက်၏။

''အေး . . ဟုတ်တယ်၊ အဲ့ဒါနောက်တစ်ခန်း''

''ဘာလဲ''

''နင်က ပါးရိုက်ဖို့ လက်မြှောက်လိုက်တာလေ''

''လာပြန်ပြီ''

''ဟိုက သဘောထားကြီးကြီးနဲ့ ရိုက်ချင်ရိုက်ပါတော့

ပြီး မျက်လုံးမှိတ်ထားတာ နင်က မရိုက်ရက်လို့ လက်ပြန်

ရိုက်တာ၊ အရမ်းအသက်ဝင်တာပဲ''

သက်လျှာက အေးမာကို စကားမဆိုတော့ပါ။

ပြောချင်ရာပြောပါစေတော့ဟု လက်လျှော့ထားလိုက်

သည်။ တားနေလည်း ရတာမဟုတ်။

ပါးစပ်ထဲ ရောက်လာသမျှ အကုန်ပြောနေတော့တာ။

''သက်လျှာရယ်၊ နင်က အချစ်ကို ကြောက်နေ

လား၊ အားကိုးနှစ်သက်စရာ ယောကျ်ားတွေ အများကြီးပါ

တာ'' ဟု အေးမာက စကား စလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ငါက အချစ်ကို ခဏမေ့ထား တယ်၊ လုံးဝ မစဉ်းစားချင်သေးဘူး"

"အဲဒီကောင်လေး မဆိုးဘူး"

"အေးမာရယ်၊ နင် ငါ့ကို တော်တော်ကြည့် ဖြစ်နေမယ်လားဟင် တွေ့တဲ့လူနဲ့ ဖွတ်တွန်းပို့နေတော့တာ"

"ငါက နင့်ကို မကြည့်ရက်လို့ပါ"

"ဘာ မကြည့်ရက်တာလဲ"

"နင် အသည်းကွဲနေတာပေါ့"

"ဘာ"

"နင် အသည်းကွဲ ဒုက္ခသည် ဖြစ်နေတာ မကြ ရက်လို့ပါ။ နင့်ဘေးနားမှာ တစ်ယောက်ယောက် ရှိ နင်ဖြေသာမယ်။ ရင်ထဲမှာ နေသာသွားမယ်"

သက်လျာက ငေးရီရီမျက်လုံးများနှင့် ငြိမ်သက်သွား ၏။ ထူးပြီး ခံစားစရာလည်း မရှိတော့ပါ။ မမခေတ္တ မင်္ဂလာဆောင်ကြတော့မည်။





သက်လျာလည်း ကမ်းခြေမင်္ဂလာပွဲကို လိုက်သွားရမှာပါ။

အားပေးချီးမြှင့်ရမှာပါ။

ညီမ တစ်ယောက်အနေနှင့် ဂုဏ်ပြုဝမ်းသာရမှာပါ။

ဆရာဟာ သက်လျာ၏ အစ်ကိုနေရာကို ရောက်ခဲ့ပြီပဲ။

"ငါ တဖြည်းဖြည်း နေသားကျလာပါပြီ"

အေးမာကို စိတ်မပူအောင် ပြောမိ၏။

သူများ သနားတာကို မလိုချင်။ ဂရုဏာကို မခံစားချင်ပါ။

ပြီးတော့ အဲဒီလို အကြည့်တွေ အောက်မှာ သက်လျာ သိမ်ငယ်မိပါသည်။

ရင်ထဲမှာ ခံစားရတာတစ်မျိုး ထိုခံစားချက်ကို လူမသိအောင် ဖုံးဖိရတာတစ်မျိုး။

သက်လျာက မာနနှင့် အံကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မေတ္တာတွေဟာ တစ်ဖက်သက်စီးဆင်းခဲ့တာဖြစ်လို့ အခုဆို သော့ခတ်သိမ်းဆည်းလိုက်ပါပြီ။

သည်ဘဝမှာ ဘယ်သူ့ကိုမှ ကိုယ့်ဖက်ကစပြီး ချစ်ဖို့ မရည်ရွယ်တော့ပေ။

တစ်ဖက်သတ်အချစ်ဆိုတာကို ခါးသီးလွန်းလှ၏။

✸



"ငါ တကယ်ကြွေသွားတာကွ"

"အဲဒါဆို ဘာလို့ အိမ်လိုက်မကြည့်တာလဲ"

"သူက ငါ့ကို အပြတ်ဟောက်တာကွ၊ နေခဲ့တဲ့၊ သူ အရမ်းရှက်သွားတယ်၊ ငါ ဆက်မလိုက်ချင်တော့ဘူး"

မော်ခန့်ဇော်က ခံစားချက်အပြည့်နှင့် ပြော၏။

"ငါ . . ဒီည မင်းတို့ကို ဒင်နာ (ညစာ) ကျွေးမယ်၊ ကြိုက်တာစားကွာ၊ ပြီးရင် ငါနဲ့သူ နောက်တစ်ခါ ဆုံဖို့ ဆုတောင်းပေးပါ၊ ဆုံမှာပါ၊ ငါ သူ့ကို မြင်မြင်ချင်း သဘောကျသွားတယ်၊ သူ့ပုံစံလေးက ရိုးရိုးသားသား ဖြူဖြူစင်စင်ကလေး ငါ့ရင်ထဲကို ဝင်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက တကယ်ပဲ ရင်ထဲ နစ်ဝင်သွားသလို ရင်ဖွင့်လာ၏။

သူငယ်ချင်းသုံးယောက်က ဝါးကနဲ ရယ်သည်။

"ဒါဆို မင်း အဲဒီ အင်တာနက်ကဖေးမှာပဲ သွားစောင့်ပေါ့၊ သူ လာချင်လာလိမ့်မယ်"

"အင်းပါ၊ တစ်ခုတည်းသော လမ်းစပဲ"

"အိုကေ . . . ငါတို့ လိုက်ခဲ့ပေးမယ်၊ သဲလွန်စရရင် မင်းအတွက် အားလုံး စုံစမ်းပေးမယ်"

"ဒီလိုမှပေါ့"

အနေဝေးနေကြပေမယ့် ပြန်တွေ့တော့ သူ့ကို တရင်းတနှီးပါပဲ။

သူတို့ကြားက ရင်းနှီးပွင့်လင်းခင်မင်မှုက သည်အတိုင်းပါပဲ။

ပြောင်းလဲမသွားခဲ့ပါ။

"ဘယ်လိုပုံစံလေးလဲ"





သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။

မော်ခန့်ဇော်က အသေးစိတ်ပြောပြသည်။

သူတို့က နားသာထောင်တာ ဘယ်သူမှန်းသိတာမဟုတ်။

ဘယ်လို ပြောရမလဲ။

သူ အဖြေရှာမရ။

✸



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်တော့ သူတို့ ညစာစားပြီးအပြန်လမ်းမှာ ကားက မီးပွိုင့်မိသည်။

သူတို့အားလုံး ကားနှစ်စီးနှင့် ပြန်လာကြတာပါ။

"ဟာ . . ."

မော်ခန့်ဇော်က ကားထဲကနေ ထအော်သည်။

"ဘာဖြစ်တာလဲ"

ကားမောင်းနေသော သူငယ်ချင်းက လှည့်ကြည့်ကာ မေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



''သူပဲ . . သူပဲ''

မော်ခန့်ဇော်က ဝမ်းသာအားရအသံကြီးက တော်တော် ကျယ်သွား၏။

''ဘယ်သူလဲ''

''အဲဒီကောင်မလေးပေါ့''

သူက သူ့သူငယ်ချင်း မမြင်မြင်အောင် လက်ညှိုးကြီး ထိုးပြီး ပြသည်။

ကားလမ်းဘေးမှာ လိုက်ဘုတ်နှင့်ထောင်ထားသော ဆပ်ပြာကြော်ငြာ။

ထိုကြော်ငြာထဲက မိန်းကလေး။

''ဘယ်ကောင်မလေးလဲ''

''ကြော်ငြာထဲက ကောင်မလေးကို ပြောတာ''

''အေးလေ . . . အဲဒါ ဘာဖြစ်လဲ''





''ငါ Heart ထိသွားတာ၊ ဒီအသဲ ရိုက်ခတ်သွားတာ အဲဒီ ကောင်မလေးပဲ''

''ဟေ . . . ဟုတ်လား''

သူက ရင်ဘတ်ကြီးပုတ်ပြပြီး ပြောလိုက်သည်။

''ဒီကောင်မလေး တကယ်လား''

သူငယ်ချင်းက ဖျတ်ကနဲ ကားတံခါးဖွင့်ဆင်းသွား၏။

''ဟ . . . ဒါမီးပွိုင့်ကြီးကွ၊ ပြန်တက်ပြန်တက်''

မော်ခန့်ဇော်က သတိပေးရသည်။

သူကလွဲလျှင် ကျန်သည့် သူငယ်ချင်းများက နည်းနည်းတွေရီရီ။

စားရင်း သောက်ရင်း စကားတွေပြောရင်း နည်းနည်းများသွားခဲ့တာ။

နောက်က ကားထဲက သူငယ်ချင်းသုံးယောက်က



www.burmeseclassic.com

www.burmeseclassic.com



မော်ခန့်ဇော်တို့ ဘာများ ဖြစ်သလဲဆိုပြီး ကားတံခါး ဖွင့်ဆင်းလာ၏။

ထိုအချိန်မှာ မီးပွိုင့်စိမ်းသွားတော့ နောက်က ကားတွေက ဟွန်းတီးသည်။

မော်တော်ပီကယ် (ယာဉ်ထိန်းရဲ) လည်း ဆင်းလာ၏။

"ဘာဖြစ်လို့လဲကွ"

"ဟိုမှာလေ"

တစ်ယောက်လက်ညှိုးထိုးပြသော ပိုစတာကို အားလုံး ဝိုင်းကြည့်ကြသည်။

"ဘာလဲကွ"

"ကောင်မလေး"

"ဟာ . . . မင်းမူးနေပြီ အောင်အောင်"





"မမူးပါဘူး၊ အဲဒါတဲ့ မော်ခန့်ဇော် အသည်းခိုက်သွားတဲ့ ကောင်မလေး"

"ဟုတ်လား"

"ဟုတ်လို့လားကွာ၊ လူမှားနေဦးမယ်၊ အဲဒီ မော်ဒယ်လေးက အသစ်ကွ၊ အခုမှ စရိုက်တာ၊ မင်း ကောင်မလေးက အဲ့ဒီပုံစံလား၊ တူလို့လား၊ တော်တော် တူလား"

သူတို့အထဲမှာ အထွေဆုံး အဝေဆုံး တစ်ယောက်က အာလေးသံနှင့် မေးလာ၏။

ကားမောင်းသောနှစ်ယောက်က သတိထားပြီး သိပ်ယောက်ခဲ့ပါ။

ကားမောင်းပြန်ရဦးမှာမို့ ထိန်းချုပ်ဆင်ခြင်ကြတာပါ၊

"တူတာမှ ချွတ်စွတ်၊ အရမ်းတူတယ်၊ ကြည့်လေ ...လေပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မော်ခန့်ဇော်က ဆိုပါသည်။

''ဟုတ်မှလည်း လုပ်ပါကွာ''

''ဟုတ်ပါတယ် ဆိုမှ''

''မင်း မသောက်ခဲ့ပါဘူးနော်''

''ဟာ ... ငါ ဘယ်မှာ သောက်လို့လဲ''

''မင်း မသောက်လဲ မူးသွားပြီ''

သူ့ရင်ဘတ်ကို လာပုတ်ကာ တဟက်ဟက် ရယ်သည်။

''ဇေိုး..အဲ့ဒီကောင်မလေးက ဘယ်သူလဲ သိလား''

''ငါလည်း မသိဘူးကွ''

''ဘယ်သူသိလဲ၊ ဘယ်သူ့မေးရမလဲ၊ ...ဟိုအစ်ကိုကြီး သိချင်သိမှာ လာပြီ''

ဉာဏ်ဝင်းစာပေ



အောင်အောင်က ယာဉ်ထိန်းရဲဆီ လက်ညှိုးထိုးကာ ပြော၏။ ယာဉ်ထိန်းရဲက

''ဘာဖြစ်လို့လဲ ညီလေးတို့ ကားပျက်တာလား''

ဟု တာဝန်ကျေစွာ မေးပါသည်။

''မပျက်ပါဘူး ပိုစတာကြည့် ...''

အောင်အောင့်ပါးစပ်ကို စိုးလေး လှမ်းပိတ်ထားလိုက်ပြီ...

''ဟုတ်ကဲ့ ... အခုကောင်းသွားပါပြီ၊ ကားပေါ်တက်ကြတော့မလို့ပါ ...တက်''

ဟု အခြေအနေကို ဝင်ထိန်းသည်။

ကားနောက်စီးကို မီးပွိုင့်မှာ ရှေ့ဆင့်နောက်ဆင့် ရပ်ထားကြတာ သူတို့ လွှန်လှပြီ။

သူများတွေ အနှောင့်အယှက်ဖြစ်ရပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''သေချာကြည့်ဦးမယ်ကွာ''

အောင်အောင်က ထပ်ရစ်နေသေးသည်။

ကားထဲ တွန်းထိုးထည့်တာတောင် မဝင်ချင်သေး

''တက် တက်ကွ သွားမယ်''

''ဘယ်သူလဲမှ မသိသေးတာ''

''ရပါတယ်၊ အဲ့ဒါ စုံစမ်းချင်ရင် အလွယ်ကလေး

အရေးကြီးတာက မော်ခန့်ဇော် ကောင်မလေး ဟုတ်မဟုတ်

ဆိုတာပဲ''

''ဟုတ်တာယ် မဟုတ်လား''

အောင်အောင်က မော်ခန့်ဇော်ကို လှမ်းမေး

သေး၏။

''ဟုတ်တယ်ဗျို့၊ တူတာတော့ အရမ်းတူတာပဲ''

ဟု သူက ပြန်အော်ပြီး ကားထဲ ဝင်ထိုင်လိုက်





ကားထွက်လာတော့ ဘေးက ကားမောင်းနေသော

သူငယ်ချင်းက သူ့ကို ဖုန်းနံပါတ်တစ်ခု နှိပ်ပြီး မေးခိုင်း၏။

''မလိုင်လား မေးလိုက်၊ ဟုတ်တယ်ဆိုရင် အဲ့ဒီ

ကြော်ငြာထဲက ကောင်မလေးနာမည်မေး''

ဟု သင်ပေးပါသည်။

''သူက မိတ်ကပ်ဆရာမကွ၊ သိချင်သိလိမ့်မယ်''

ဟုလည်း ထင်ကြေးပေး၏။

ပြီးတော့ နောက်တစ်ကော (call) ခေါ်သည်။

သူငယ်ချင်း ပရိုဂျူဆာတစ်ယောက်။

အဲ့ဒီလူကလည်း မသိပါတဲ့။

နောက်ထပ် တစ်ကောပြီးတစ်ကော ခေါ်ပေမယ့်

ဆပ်ပြာကြော်ငြာထဲက ကောင်မလေး၏အမည်က သိခွင့်မရ။

မော်ခန့်ဇော် ရင်မောသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ၊ မခေါ်တော့ဘူး"

"အေးကွာ၊ လူသိ အရမ်းနည်းနေတယ်"

သူ လက်လျှော့လိုက်၏။

နောက်က ကားစီမှ သူတို့ဆီ ဖုန်းဝင်လာတော့

ဝမ်းသာအားရနှင့် . . .

"သိရပြီလား"

ဟု မေးမိ၏။

"လုံးဝ မသိရသေးဘူး"

သူ စိတ်ဓာတ်ကျကာ ကားကူရှင်ကို မှီချလိုက်၏

အမည်လေးတစ်ခု သိခွင့်ရဖို့ပင် ခဲယဉ်းနေလိုက်တာ

ဘဝချင်း နီးစပ်ဖို့ဆို ဘယ်လောက်များ ခက်ခဲဦးမ

မသိ။





"မင်းတို့လည်း ဒီမှာပဲနေပြီး ဒါလေးတောင် မသိဘူးလား"

ဟု သူငယ်ချင်းတွေကို အားမလို အားမရ ဖြစ်မိ၏။

ကိုယ်က အခုမှ ပြန်ရောက်လို့ မသိတာထားတော့ သူတို့ကလည်း မသိကြ။

"ငါတို့က ရန်ကုန်မြို့က မော်ဒယ်နာမည်စာရင်း ကောက်ယူရေးအဖွဲ့မှ မဟုတ်တာ"

သူငယ်ချင်းက ကပ်သီးကပ်သပ် ပြောလာ၏။

"ပြီးတော့ ဒီကောင်မလေးက အသစ်ကလေး နာမည် ဘယ်လိုလုပ်သိမှာလဲကွ"

မော်ခန့်ဇော်က ဘာမှ ပြန်မပြောတော့ပေ။

ဟူး . . .

www.burmeseclassic.com

www.burmeseclassic.com



မင်းကလေးနဲ့ ကိုယ် ဘယ်တော့ပြန်ဆုံမှာလဲ။

သူ့ရင်ထဲမှာ တဒိတ်ဒိတ် ဆူညံပေါက်ကွဲနေ၏။

ကိုယ် ရင်ခုန်နေတယ်။

မင်းကြောင့် ရင်ခုန်နေတယ်

ဒါပေမယ့် မင်း မသိသေးဘူး။

✸



၆

မော်ခန့်ဇော်က ကိုကို့ကို ငေးကြည့်ပြီး အားကျနေမိသည်။ ကိုကိုက သတို့သားလောင်း မဟုတ်လား။

"ကိုကို ပိုချောလာတယ်ဗျာ"

"ဟုတ်လား"

"ဟုတ်တယ်၊ စိတ်ချမ်းသာလို့ဖြစ်မယ်"

"အေးကွ"

ကြည်မင်းဇော်က ခေါင်းညိတ်သည်။

ခေတ္တာကိုကိုက သူ့ကို စိတ်ချမ်းမြေ့မှု အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်သူပါ။ သူ့စိတ်ထဲမှာ တစ်ခုခုတော့ 'နင့်' နေတာ အမှန်။ သက်လျာကြောင့်ပါ။

သက်လျာကို အားနာတတ်လား၊ သနားတတ်လား ကိုယ့်ကိုယ်ကို တရားရဲ့လားဆိုတာ ပြန်ပြန် တွေးမိသည်။

ကိုယ်က တစ်ကိုယ်ကောင်းဆန်ခဲ့သူပါ။

ကိုယ့်လမ်းကိုပဲ ကိုယ်ကြည့်ခဲ့သည်။

သက်လျာကအရွယ်နှင့် မမျှအောင် ခံစားနားလည်ပေးခဲ့သည်။ သူ့ကို သက်လျာ စိတ်ထဲမှာ အင်မတန် နာကြည်းသွားမှာ သိနေ၏။

ဆရာ... တကယ် မတတ်သာလို့ပါ သက်လျာရယ်။

သူ့စိတ်ထဲက တီးတိုး တောင်းပန်မိသည်။

သက်လျာ၏ ရင့်ကျက်မှု ဟန်ဆောင်မှုနှင့် မာနကတော့ သူ အရမ်း အထင်ကြီး လေးစားခဲ့ရပြီ။





ကလေးဆန်လှသော ပွင့်လင်းသွက်လက်သော ကောင်မလေးတစ်ယောက်မှာ အဲ့ဒီလောက်အထိ လျှို့ဝှက်သိုသိမ်နိုင်စွမ်း သည်းခံနိုင်စွမ်းတွေ ရှိသည်။

ဒါကို သူ အသိအမှတ်မပြုလို့ မရ။

ပတ်ဝန်းကျင်ကို ရင်ဆိုင်ရဲစိတ်လည်း ရှိသည်။

သူတို့နှစ်ယောက်အကြောင်း သိနေသူတွေ ကြားမှာ ဟန်ဆောင်အပြုံးကလေးနှင့် နေပြနိုင်တာကို သူ အံ့သြနေမိသည်။

"ကိုကို"

"ဟေ"

"ကျွန်တော့်ကို မရီးနဲ့ ဘယ်တော့ မိတ်ဆက်ပေးမာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးပါ့မယ်ကွာ၊ ဒီနေ့ညနေ မိတ်ဆက်ပေးမယ် ဟုတ်ပြီလား"

"ကောင်းတာပေါ့"

မော်ခန့်ဇော်က ခေါင်းညိတ်သည်။

မနက်ဖြန်ဆို ခရီးထွက်ရတော့မှာ။

ကမ်းခြေမှာ မင်္ဂလာပွဲလုပ်ဖို့ နှစ်ဘက်ဆွေမျိုးတွေ မိသားစုအလိုက် သွားကြမှာပါ။

ကြည်မင်းဇော်က စာကြည့်စားပွဲဘေး လျှောက်သွားပြီး ဘာတွေရှာနေမှန်း မသိ။

မော်ခန့်ဇော်က ကြည်မင်းဇော် အခန်းထဲ ရောက်နေတာပါ။ ကြည်မင်းဇော် အိပ်ရာပေါ် ထက်ထိုင်နေတာ။

စာကြည့်စားပွဲက အိပ်ရာဘေးမှာ။

"ကိုကို ဘာတွေ ရှာနေတာလဲ"

ဥဏ်ဝင်းစာပေ



"ဘောင်ချာတစ်ရွက် ပျောက်နေလို့ကွ"

မော်ခန့်ဇော်က လက်နှစ်ဖက် နောက်စေ့မှာ ယှက်ကာ အိပ်ရာပေါ် ပက်လက်လှဲချလိုက်၏။

ကြည်မင်းဇော်က အပြင်ထွက်ခါနီးမှ ဘောင်ချာတစ်ရွက် ပျောက်နေတော့ မွှေနှောက်ရှာ၏။

မျက်မှောင်ကြုတ်ထားပြီး စိတ်မရှည်ချင်။

ထိုအချိန်မှာ ဓာတ်ပုံတစ်ခုက လွင့်ကျလာသည်။

မော်ခန့်ဇော် ရင်ဘတ်ပေါ်တည့်တည့်။

ဓာတ်ပုံအယ်ဘမ်ထဲက ထွက်ကျလာတာလား မသိ။

မော်ခန့်ဇော်က ပြန်ပေးဖို့ ကောက်ယူလိုက်ပြီး တစ်ချက် ကြည့်၏။

မရီးဓာတ်ပုံလား။

ကိုကို့ သင်တန်းက ကောင်မလေးတွေ ပုံလား။

ဥဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ ငေါက်ကနဲ ထထိုင်မိ၏။

သူ့အကြည့်တွေက ဓာတ်ပုံပေါ်မှာ စိုက်တန့်ငြိမ်ကျ
နေပါသည်။

ဟုတ်မှ ဟုတ်ရဲ့လား။

ကိုယ့်ရင်ဘတ်ပေါ်တည့်တည့် မင်း ခုန်ဆင်းလာတာ
ကိုယ့်ကို အရှုံး ရင့်စေဖို့လား။

"ကိုကို သူ ဘယ်သူလဲ"

ကမန်းကတန်းလေး မေးမိ၏။

ကြည်မင်းဇော်က သူပြသော ဓာတ်ပုံကို လှည့်မှ
မကြည့်ဘဲ . . .

"စာအုပ် အပြာရောင်ကြားထဲ ပြန်ထည့်ထားလိုက်
ကွာ၊ အဲဒါ ငါ့ခယ်မပေါ့၊ ငါ့တပည့်မလေး ဆိုလည်း ဟုတ်





တယ်၊ သူတို့ စာဆိုင်အတွက် ဝေါရှိ ရိုက်ဖို့ ဓာတ်ပုံတွေပါ၊
ပြန်ထည့်ထားပေး၊ ငါ နောက်ကျနေပြီ သွားမယ်"

ရှာမတွေ့သော ဘောင်ချာကို ဆက်မရှာတော့ဘဲ
ကိုကို ကြည်မင်းဇော်က ဆိုပါသည်။

"စားပွဲနည်းနည်း ပြန်ရှင်းလိုက်ကွာ"

ဟု သူ့ကို ပြောကာ ခပ်သွက်သွက် ထွက်သွား၏။
သူက ဓာတ်ပုံကို ငေးကြည့်ကာ အံ့သြမင်သက်နေ
မိ၏။

ပြီးမှ သတိရကာ ကိုကို့နောက် ပြေးလိုက်သွား၏။

"ကိုကို"

"ဘာဖြစ်လို့လဲ၊ ဘောင်ချာစာရွက်တွေ့လား"

ဘာဘောက်ချာမှန်းတောင် သူ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ဘောင်ချာစာရွက်တွေ့ရမှာလဲ၊ မေးစရာ ရှိလို့ အဲ့ဒီကောင်မလေးနာမည် ဘယ်သူလဲ"

ကြည်မင်းဇော်က မော်ခန့်ဇော်ကို သေချာကြည့်၏

"ဘာလုပ်ဖို့လဲ"

မဖြေသေးဘဲ ပြန်မေးသည်။

"ရှာလိုက်ရတာဗျာ၊ တွေ့မယ့်တွေ့တော့ နီးနီး ကလေး"

ဟု သူက ရေရွတ်သည်။

သူ့စကားကို ကြည်မင်းဇော်က နားမလည်။

"ညနေ . . . သူရော ရှိမှာလား"

"မသိဘူးလေ၊ ရှိရင် ရှိမှာပေါ့"

"သူ့နာမည်လေး ပြောပါ ကိုကိုရာ"

ကြည်မင်းဇော်က သူ့ညီကို ကြည့်ကာ ပြုံး၏။





"သက်လျာကိုကိုတဲ့ . . . ငွေသက်လျာကိုကို"

မော်ခန့်ဇော်က ခေါင်းညိတ်သည်။

"ကျေးဇူးပဲကိုကို"

သူ အပေါ်ထပ်ကို ပြေးတက်လာခဲ့၏။

သက်လျာကိုကို၏ ဓာတ်ပုံတွေကို အားပါးတရ ကြည့်ပြီး ရင်ထဲမှာ အပျော်တွေ ဖိတ်လျှံနေ၏။

သူ့မျက်နှာက လပြည့်ဝန်းကြီးလို ထိန်ထိန်သာနေ၏။

တကယ်ပဲ သူနှင့် သက်လျာ ရေစက်ရှိသည်။

ဖူးစာလည်း ရှိမှာပါ။ ဖူးစာမရှိလည်း ကိုယ်က ရှိအောင် လုပ်မှာပဲ။

✸



www.burmeseclassic.com

www.burmeseclassic.com

သူ ဓာတ်ပုံတွေ ကြည့်နေတုန်းမှာပဲ စိုးလေးဆီက ချိန်းဝင်လာ၏။

သူက ဝမ်းသာအားရ ပြောပြမလို့ပါပဲ။

သို့ပေမယ့် စိုးလေးက အရင်စ,ပြောလာသည်။

''မော်ခန့်''

''ဟင်''

''အဲဒီ မော်ဒယ်ကောင်မလေး နာမည်က ငွေ ...တ်လျာကိုကိုတဲ့၊ မင်းအစ်ကို ဆရာကြည်မင်းဇော်



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကပဲလေ။ ဒါပေမယ့် မင်းသိအောင် တစ်ခုပြောထား ရမယ်။ အဲ့ဒီ သက်လျာက မင်းအစ်ကိုနဲ့ နာမည်တွက်ခဲ့တာ ကွ၊ တိတိကျကျတော့ ငါလည်း မသိဘူး။ ယူဖြစ်ကြတော့ သက်လျာအစ်မနဲ့ဖြစ်နေတယ်။ အသေးစိတ်တော့ မင်းဟာ မင်း စုံစမ်းကြည့်ပေါ့၊ မင်း ဘုမသိ ဘမသိ စွတ်ဝင်ရင် မှား မှာစိုးလို့''

ဟု စိုးလေးက သတင်းပေးသည်။

''ဟုတ်လား''

မော်ခန့်ဇော် ရင်ထဲမှာ လှိုက်ဟာ ကြေကွဲသွား၏။ တကယ်လဲ ကိုကိုနဲ့ ငြိခဲ့သလား။

ဒါဆို ကိုကိုက ဘာလို့ သက်လျာကို လက်မထပ် တာလဲ။

ဉာဏ်ဝင်းစာပေ



သက်လျာကရော ဘာလို့ သူ့အစ်မနဲ့လက်ထပ်တာကို သဘောတူရတာလဲ။

သူ့ခေါင်းထဲမှာ ရှုပ်ထွေးသွား၏။

ရင်ထဲမှာလည်း တဟုန်းဟုန်း ပူလောင်လာသည်။

ပြီးတော့ စိုးရိမ်သွားမိတာက ကိုကို့ညီဆိုတာ သိလျှင် သူ့ကို လက်ခံပါ့မလား။

စိုးလေး ပြောခဲ့သလိုပဲ ဘုမသိ ဘမသိ ရမ်းသမ်းလို့ မဖြစ်သေးပါ။

ကိုကိုနှင့်သက်လျာ အဆင်ပြေရဲ့လား။

သူ့ကို ကိုကို့ညီမှန်း သိတာ ကောင်းလား၊ မသိတာ ကောင်းသလား။

စဉ်းစားစရာပင်။

သည့်ထက်ပို သိခွင့်ရအောင် လုပ်ရမည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ကိုကိုညီဆိုတာ အသိခံလို့ မဖြစ်

ကိုကိုနှင့် ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ ကိုယ်ကတော့ မင်းပေ

အပေါ် အရင်အတိုင်းပါပဲ။

ပိုပြီးတော့တောင် သနားသွားသေးတယ်။

ဒါပေမယ့် ကိုယ် မင်းနဲ့ ရှင်းရှင်းလင်းလင်း ချစ်သူ

ဖြစ်ချင်တယ်။

ပြီးရင် လက်ထပ်ကြမယ်။

ပြီးရင် သားတွေ သမီးတွေနဲ့ လုပပြည့်စုံတဲ့ ဘဝတ

ဖန်တီးကြမယ်။

အနာဂတ်ရည်မှန်းချက် (Future Plan) တွေ အမ

ကြီး ရှိနေ၏။

မင်းကလေးကို အပျော်ရွှင်ဆုံး မိန်းကလေးဖြစ်

ချင်ပါတယ်။

ဉာဏ်ဝင်းစာပေ



ကိုယ့်မေတ္တာတွေနဲ့ လွှမ်းခြုံအေးမြစေမယ်၊ မင်း

လည်း ကိုယ့်ကို ချစ်လာမှာပါ။

မော်ခန့်ဇော်က အကောင်းမြင်သမားပီပီ ပျော်ရွှင်စရာ

တွေပဲ တွေးထား၏။ ပြဿနာတွေ သောကတွေကို ခဏဘေး

ဖယ်ထားမိသည်။

သူတို့ဇာတ်လမ်းက အခုမှ စ,မှာ။

ချိုမြိန်စွာ စ,နိုင်ဖို့ သူ ကြိုးစားမည်။

ဘာမဆို စွန့်လွှတ် အနစ်နာခံနိုင်သည်။

ပေးဆပ်သွားနိုင်သည်။

မင်းကလေးသာ ကိုယ့်ရင်ခွင်ဆီ တည့်တည့်

လျှောက်ခဲ့ပါ။ ကျန်တာအားလုံး ကိုယ် ဖြေရှင်းသွားမှာပါ။

မင်း လက်ကလေးကို ယုံကြည်မှုနဲ့ ကမ်းပေးပါ။

မင်းရဲ့ ယုံကြည်မှု အလဟဿ မဖြစ်စေရဘူး။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ယုံပါ။

မော်ခန့်ဇော်ကို ရဲရဲ ယုံပစ်လိုက်ပါ။

မင်းဘဝအတွက် တစ်သက်လုံး ရှေ့က မားမားရပ်မယ့် ယောကျ်ားကောင်းတစ်ယောက် ဖြစ်စေရမယ်။

မျက်နှာမငယ်စေရဘူး။

စိတ်မချမ်းမသာဖြစ်အောင် မလုပ်ဘူး။

မင်း ကိုယ့်ကို ပြန်ချစ်ပါ သက်လျာ. . .။

ကိုယ်တို့နှစ်ယောက် လှပတဲ့ ကမ္ဘာတစ်ခု တည်ဆောက်ကြမယ် . . .။

သူ့ဘက်က ရာနှုန်းပြည့် သေချာနေတော့သည်။

✺



ကိုကိုက ခေါ်ပေမယ့် သူ လိုက်မသွားဖြစ်ခဲ့ပါ။

တမင် နေရစ်ခဲ့သည်။

လောလောဆယ် သက်လျာ နှင့် မတွေ့ချင်သေးပါ။

ကိုကို့ညီဆိုတာ အသိခံလို့ မဖြစ်။

စိုးလေး၊ အောင်အောင်၊ ဘဦးနှင့် သန့်စင်တို့က သူ့ဆီ ရောက်လာပြီး ပြည့်စုံသော သတင်းတွေ ပေးလာ၏။

သူ ဂရုတစိုက် နားထောင်ပြီး အမှန်တရားလားဆိုတာ ဆန်းစစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ဖွင့်မေးရင် ကောင်းမလား။

စိတ်အနှောင့်အယှက် ဖြစ်ရတာတော့ အမှန်ပါ။

သက်လျာက ကိုကို့ကို သဲကြီးမဲကြီး ချစ်ခဲ့သတဲ့လား။

ကိုကိုက ဥပေက္ခာပြုခဲ့တာလား။

အားလုံးက သက်လျာကို သနားသတဲ့လား။

ကိုကို့ကို စိတ်ဆိုးကြသတဲ့လား။

အမှန်တကယ် မှားနေတာက ကိုကိုလား၊ သက်လျာလား။

မမခေတ္တာကရော အဲဒါတွေ မသိခဲ့ဘူးလား။

မော်ခန့်ဇော်က ငိုင်တွေသွား၏။

ဘယ်လိုပဲဖြစ်ဖြစ် သက်လျာက သနားစရာ ကောင်းသည်။





အရှုံးနှင့် ရင်ဆိုင်ရတာက သက်လျာပဲမဟုတ်လား။

ကိုကိုလည်း မဟုတ်။

မမခေတ္တာလည်း မဟုတ်။

မော်ခန့်ဇော်က မေးလိုက်သည်။

"သူ လိုက်မှာလား။ ကမ်းခြေမင်္ဂလာပွဲကို"

"ဟ . . . လိုက်မှာပေါ့ကွ၊ သူ့အစ်မအရင်းပဲဟာ"

"သေချာလား"

"သေချာတာပေါ့"

"ငါ လိုက်လို့ ဖြစ်ပါ့မလား"

"မင်းပဲ နီးစပ်ချင်တယ်ဆို"

"ဟုတ်တော့ ဟုတ်တယ်"

"လိုက်သွားပေါ့၊ မင်း စိတ်မဝင်စားတော့လို့လား။



www.burmeseclassic.com

www.burmeseclassic.com



မင်း အစ်ကိုနဲ့ အဲဒီလိုဆိုတော့ မင်း နောက်ဆုတ်မလို့လား။ ဘာမှတော့ မဆိုင်ဘူး။ ပြီးခဲ့ပြီပဲ''

''မဟုတ်ပါဘူးကွာ''

သူငယ်ချင်းတွေက နားမလည်။

သူ တွေးတာကတစ်မျိုး။

ကိုကို့ညီမှန်း သိသွားပြီး သူ့ကို လက်မခံမှာ စိုးရိမ်သည်။

ကိုကို့ညီမှန်း သိသွားပြီး သူ့ကို အရွဲ့တိုက် အသုံးချမှာလည်း စိုးသည်။

ကိုကိုနေရာမှာ အစားထိုးမှာလည်း စိုးသည်။

ကိုကို့ကို မကျေနပ်စိတ်နှင့် လက်စားချေမှာလည်း စိုးသည်။





သူက သန့်သန့်စင်စင် ရိုးရိုးသားသားပဲ ချစ်ခွင့်ရချင်တာပါ။

''တစ်နေ့ သိမှာပဲ၊ မင်းညာတာလည်း ပေါ်မှာပဲ''

''ဒါတော့ ဒါပေါ့''

''ရဲရဲရင့်ရင့် ရိုးရိုးသားသားပဲ ချဉ်းကပ်ကြိုးစားကြည့်ပေါ့''

သူငယ်ချင်းတွေက အကြံပေးလာ၏။

ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ချစ်မှာပဲ သက်လျာရယ် ချစ်နေမှာပါပဲ။

✹



www.burmeseclassic.com

www.burmeseclassic.com

အေးမာစကားတွေကို နားထောင်ပြီး သက်လျာက ပြုံးသည်။ အတော်ထူးဆန်းနေပါလား။

လူချမ်းတောင် သေချာမသိကြသေးပါပဲ။ သူက ကိုယ့် ချစ်နေတာ မြတ်နိုးနေတာ သူငယ်ချင်းတွေ ကြားမှာ နှံ့ကုန်ပြီ။

သက်လျာက သားရေသေတ္တာလေးထဲ အဝတ်အစား ထည့်နေသည်။ တစ်အိမ်လုံးပဲ ခရီးထွက်ဖို့ ပြင်နေကြ ပါ။ ပျော်စရာတော့ ကောင်းသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မမခေတ္တာနှင့် ဆရာကြည်မင်းဇော်က လက်မှတ်

ထိုး လက်ထပ်ပြီးပြီ။ မင်္ဂလာဆွမ်းလည်းကျွေးပြီးပြီ။

တော်ကြာဆို ကားတွေ ထွက်တော့မှာ။

ဆရာကြည်မင်းဇော်တို့ဘက်က ကားတွေ မ

သေးပါ။

သက်လျာက ယူစရာရှိတာတွေ မေ့မကျန်ခဲ့ရအော

ဖြည်းဖြည်းချင်း စဉ်းစားထည့်သည်။

သူ့နာမည်က မော်ခန့်ဇော်။

သူက ဆရာကြည်မင်းဇော်၏ ညီအရင်းခေါက်ခေါ

နိုင်ငံခြားက ခုမှ ပြန်ရောက်လာတာ။ သူက သက်လျာ

နှစ်သက်သဘောကျပြီး စုံစမ်း မေးမြန်းနေခဲ့သတဲ့။

သူ့အစ်ကိုကြောင့် သက်လျာက လက်ဖခံမှုစိုးရိမ်

သတဲ့။ အစုံပါပဲ သူ့အကြောင်းတွေက။





သူက ဘာလို့ သက်လျာကို လာမတွေ့တာလဲ။

ရင်းနှီးခင်မင်အောင် မကြိုးစားတာလဲ။

မျက်စိရှေ့ရောက်မလာလဲ သူ့အကြောင်းတွေ

ကြားနေရတာ . . . ခေါင်းထဲ တွေးစရာပါ။

"တကယ်ရော ဟုတ်လို့လား"

"ဟုတ်တာပေါ့"

"လျှောက်ပြောနေကြတာပါဟယ်"

"ဘယ်က ဟုတ်ရမှာလဲ။ သူက သက်လျာမှ သက်လျာတဲ့။ မြင်မြင်ချင်း သဘောကျသွားတာ"

"သွား . . . မဖြစ်နိုင်တာ"

"သြော် . . . တကယ်ပါဆို"

"ဟဲ့ . . အဲဒါဆို ကိုကြည်မင်းဇော်နဲ့ လိုက်လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အေးမာက ဘယ်လို ပြောရမှန်း မသိဘဲ ပါးစပ်ပိတ်

သွား၏။ ပြီးမှ . . .

"နင်နဲ့ ဆရာ့အကြောင်း သိလို့လားမှ မသိဘဲ"

ဟု တုန့်ဆိုင်းဆိုင်းနှင့် ပြော၏။

သက်လျှာကိုကိုက မျက်နှာကလေးတစ်ချက်

ပျက်သွားပြီး . . .

"ငါကလည်း ဆရာ့ညီဆို ကြောက်ပါတယ်ဟယ်"

ဟု ပြန်ဖြေမိသည်။

"ဆရာ့ညီ မဟုတ်ခဲ့ရင် သူ့ကို စဉ်းစားမှာပေါ့ ဟုတ်လား"

အေးမာက မျက်လုံးကလေးဝိုင်းကာ သိချင်သ

မေး၏။

"အင်း . . . သူက ရုပ်ချောတယ်၊ သဘောကော

ပုံလည်း ရတယ်။ ငါ့ကိုလည်း ချစ်တယ်ဆိုရင် ငါက လ





စဉ်းစားရမှာပေါ့။ ငါ့ဘက်က တစ်ယောက်ယောက်ကို စ,ပြီး

ရမှာ ကြောက်တယ်။ ငါ့ကို ချစ်တယ်လို့ ငါ ယုံအောင်

ပြရင် အဲ့ဒီလူကို ငါ လက်ခံမိမှာပဲပေါ့ အေးမာရယ်"

သက်လျှာက လေပြေအေးကလေးနှင့် ရှင်းပြ၏။

"ငါ့ဘဝမှာ လူတစ်ယောက်ကို စပြီး ချစ်မိလို့

ရှက်ရပြီးပြီ။ ခံစားရပြီးပြီ။ ငါ အရမ်း နောင်တရမိတယ်။

ခန်းစာလည်း ရသွားပြီ။ ငါ ဘယ်တော့မှ ဘယ်သူ့ကိုမှ

မချစ်ရဲတော့ဘူး"

အေးမာက သက်လျှာလက်ကလေးကို ဖျတ်ကနဲ

ဆုပ်ကိုင်ပြီး . . .

"နင့်အပေါ် တကယ်ကောင်းရင် နင် လက်ခံလိုက်ပါ

မငြင်းသင့်ဘူး။ ဒါမှ နင့်ရင်ထဲက ဒဏ်ရာတွေ သက်သာ

မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုက်တွန်းလာတာကို ခေါင်းညိတ်လိုက်မိတာ

သည် သူ့စေတနာကို နားလည်ပြီး ကိုယ့်အတွက်လည်း

အရာရာကို ရင်ဆိုင်နိုင်ဖို့ ခွန်အား အမှန်တကယ် လိုအပ်

နေတာကြောင့်ပါပဲ။

''အဲဒီ မော်ခန့်ဇော်က နင့်ဘဝထဲကို ရဲရဲရင့်ရင့် ပြတ်

ပြတ်သားသား ဝင်လာဖို့ ကြိုးစားနေတာပါပဲ''

အေးမာ ထင်သလို တကယ်ပဲလား။

သူက သက်လျာအပေါ် နက်နက်ရှိုင်းရှိုင်း နှစ်သက်

တာ အမှန်ပဲလား။ ဆရာနှင့် ပတ်သက်ခဲ့သော အတိတ်

သူလည်း ကြားခဲ့ကောင်း ကြားခဲ့မှာပါ။ သက်လျာကို စိတ်

မပျက်ဘူးလား။ စိတ်မပျက်ရင်တောင် အမှတ်တော့ လျော့

သွားမှာပဲ မဟုတ်လား။ သက်လျာ ဖျော့တော့စွာ ပြုံးမိ

✱



ဆရာကြည်မင်းဇော်တို့ဘက်က ကားသုံးစီးရောက်

လာတော့ မော်ခန့်ဇော်လည်း ပါလာသည်။

ဆွေမျိုးတွေ တရုန်းရုန်း နှုတ်ဆက်ရယ်မောဆူညံ

နေကြစဉ်မှာ မော်ခန့်ဇော်က ဟိုဟိုဒီဒီ ရှာဖွေကြည့်သည်။

သူ့မျက်လုံးတွေက သက်လျာကိုကိုကို ရှာနေမိတာပါ။

သက်လျာက ခပ်လှမ်းလှမ်းကနေ လက်ကလေး

ပြပြီး သူ့ကို လှမ်းကြည့် အကဲခတ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထဲ အမှတ်တမဲ့ ရောက်ခဲ့ရသော နေ့ကလေး တစ်နေ့ကို သက်လျာ ငွေးငွေးစွာ မှတ်မိနေမိပါသည်။ သူ့ဘက် ကရော ထပ်တူညီပါရဲ့လား။

သူ ဘယ်သူ့ကို ရှာနေတာလဲ။ သက်လျာကိုလား

တွေ့ခွင့်ရလျှင် သူ ဘာပြောရမှာလဲ၊ လာနှုတ်ဆက် မှာလား။ ဝမ်းသာသွားမှာလား။

သက်လျာ နားထဲ ရောက်နေခဲ့သောစကားတွေ တကယ်ပဲလား ဆိုတာ သိခွင့်ရတော့မည်။

သက်လျာလေ . . . ဒီကမ်းခြေမင်္ဂလာဆောင်ခရီး လိုက်နိုင်ဖို့ သတို့သား သတို့သမီးကို လက်ခုပ်တီး ချီးမြှင့်နိုင်ဖို့ ပင်ပင်ပန်းပန်း ခဲခဲယဉ်းယဉ်း ကြိုးစားခဲ့ရတာပါ။

အရှမ်းမောဟိုက်နေပါပြီ။





သက်လျာ မထင်မိခဲ့တာက စိတ်လှုပ်ရှားစဖွယ် ကောင်းသော မျက်လှည့်ဆန်ဆန် ခရီးစဉ်တစ်ခု ဖြစ်လာ လိမ့်မယ် ဆိုတာပါပဲ။

မော်ခန့်ဇော်ဆိုတဲ့ ဖူးစာရှင်ကလေးတစ်ယောက် ဘယ်က ဘယ်လို ဘွားကနဲ ပေါ်လာပြီး သက်လျာရှေ့ မြန်မြန် ဆန်ဆန်ကြီး ဘာလို့ ရောက်လာတာလဲ။

"ဟဲ့ . . . ပုန်းမနေပါနဲ့၊ သနားပါတယ် ရှာနေပြီ"

အေးမာက ဘေးနားလာပြီး ဆို၏။

"ပုန်းမနေပါဘူး။ သူ့ဟာသူ မမြင်တာပါ၊ ဘယ်သူက ပုန်းနေလို့လဲ"

သူက . . ပိုင်ဆိုင်ချင်တယ်ဆိုရင် သူ ကြိုးစားပေါ့။

"ဟော . . . မြင်သွားပြီ"

အေးမာက ထအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်နေတာလဲ ကျွန်ုပ်ကို မရဘူး"

သက်လျှာကိုကိုက မျက်စောင်းရွယ်လိုက်၏။

မော်ခန့်ဇော်က သက်လျှာကိုကိုကို အကြာကြီး ငေး ကြည့်နေပြီးမှ တဖြည်းဖြည်း ပြုံးသည်။ နောက်တော့ တစ်လှမ်းချင်း လျှောက်လာ၏။ သက်လျှာက ရှက်စနိုးနှင့် မျက်နှာလွှဲကာ စောင့်နေ မိပါသည်။ သူ. . . ဘာပြောမလို့လဲ။

"ကျွန်တော်က မော်ခန့်ဇော်ပါ။ ကျွန်တော်တို့ တွေ့ဖူးကြတယ်လေ။ မှတ်မိလား" ဟု ရိုးရှင်းစွာ မေးလာပါသည်။

သက်လျှာက ဆတ်ကနဲ ခေါင်းညိတ်သည်။

သူ့မျက်လုံးတွေက လေးနက်လွန်းသည်။

ရွှန်းရွှန်းစားစား အကြည့်များကြောင့် အနေခက်ရသည်။

ဖြူလွလွဂါဝန်ကလေးနှင့် ဂျာကင်ပန်းရောင်ကလေးနှင့် နွဲ့နွဲ့ကလေးရပ်နေသော ကောင်မလေးကို မော်ခန့်ဇော်ကြည့်လို့ မဝ။





ထပ်တစ်ခေါက်လောက် ဝင်တိုက်ပစ်လိုက်ချင်သည်။

အဲ့ဒါမှ သူ့ရင်ခွင်ထဲ သက်လျှာ ရောက်လာမှာမဟုတ်လား။

"သက်လျှာ ဘယ်ကားနဲ့ လိုက်မှာလဲ"

မော်ခန့်ဇော် က မေးလာ၏။

"ဘာလို့လဲ"

"စကားပြောရအောင်လို့ အတူတူ စီးမယ်လေ"

"အင်း"

သူက ဖျတ်ကနဲ သက်လျှာ လက်ဖျားကလေးကို ဆွဲခေါ်၏။

"ကျွန်တော်တို့ ကားပဲ လိုက်စီးပါ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး . . . လက်ကိုလွှတ်ပါ။ မေမေ့ကို ပြောရဦးမယ်လေ၊ သားရေသေတ္တာက ဟိုကား အပြာပေါ် ရောက်နေပြီ။ ယူရဦးမယ်"

ပိုင်စိုးပိုင်နင်း နိုင်လှသော သူ့ကို အေးတိအေးစက် စိုက်ကြည့်ကာ ပြန်ပြောမိ၏။

သူ့ကို ဘယ်သူက လက်ခံသေးလို့ နှစ်ဖက်အသိုင်းအဝိုင်း ဆွေမျိုးတွေအားလုံးရှေ့မှာ လက်ဆွဲရတာလဲ။

ဟွန်း . . မုန်းစရာ။

"အဲ့ဒီလောက် မလွယ်သေးဘူး"

မပွင့်တပွင့် ဆိုမိ၏။

"ဗျာ . . . ဘာပြောတာလဲ"

"လာ မထိနဲ့"

သက်လျာက အော်လိုက်သည်။

ဉာဏ်ဝင်းစာပေ



"မထိနဲ့ဆို မထိပါဘူး"

မော်ခန့်ဇော်က ပြုံးစစနှင့် ဆို၏။

"ဒါပေမယ့် ဒီခရီး ဒီမင်္ဂလာပွဲက ပြန်လာလျှင် ကျွန်တော်တို့ ဘယ်တော့ မင်္ဂလာပွဲလုပ်မလဲဆိုတာ (ဒိတ်) နေ့စွဲ ရွေးရလိမ့်မယ်"

"ဟင်"

သူက ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်လို့ပါလား။

"အင်းလေ . . . ယုံခဲ့ရင်ပေါ့"

"ယုံစေရမယ်၊ ဒီလူတွေအားလုံးထဲမှာ သက်လျာ အပျော်ဆုံးဖြစ်စေရမယ်၊ သတို့သမီးထက် ပိုပျော်စေရမယ်"

"ပိုလွန်းတယ်"

"စောင့်ကြည့်ပါ။ မကျေနပ်ရင် လုံးဝ ခေါင်းမညိတ်နဲ့ ရတယ်"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက ကတိတွေပေး၊ အာမတွေခံကာ ယတိပြတ်ပြောလာ၏။

"လာပါ"၊

"ဟာ . . . လက်မဆွဲနဲ့ လွှတ်"

"အမျိုးတွေပဲ"

"ဘာမှ မဆိုင်ဘူး"

သက်လျာက နှုတ်ခမ်းကလေးစူမိရင်း သူ့ဖွတ်ဆွဲခေါ်ရာ ပါလာမိ၏။ ရင်ထဲမှာတော့ ပျော်သလိုလို။

မော်ခန့်ဇော်က လက်ဆွဲထားတော့ အားလုံးက စူးစမ်း အကဲခတ်ကြသည်။

ဖေဖေမေမေတို့ သိသွားရင် ဘယ်လို ဖြေရှင်းရမလဲ

ကြည်မင်းဇော်က အိမ်ထဲက ထွက်လာပြီး မျက်စိရှေ့က မြင်ကွင်းကြောင့် ခြေလှမ်း တုံ့သွားရလေသည်။





ညီနဲ့သက်လျာ . . . သူ့အမြင် မမှားပါ။ သေသေချာချာ မြင်တာပါ။ သည်မြင်ကွင်းကို သူ မယုံချင်။

သက်လျာက သူ့ကိုမြင်သွားပြီး မျက်နှာကလေး ပျက်ကာ ခေါင်းငုံ့လိုက်၏။ မော်ခန့်ဇော်က မော်မော်ကြွားကြွား ဝံ့ဝံ့စားစား။ သက်လျာလက်ကို ပိုင်ပိုင်ဆုပ်လို့ ကားဆီ လျှောက်သွားသည်။

ညီ့မျက်နှာမှာ ကျေနပ်သောအပြုံးနှင့်။

အားလုံးအတွက် ပျော်စရာခရီးတစ်ခု ဖြစ်ခဲ့ရပြီ။

သက်လျာကို အားနာစရာ မလိုတော့။

ကြည်မင်းဇော် အားပါးတရ ပြုံးမိ၏။

ကိုယ်ဟာ ဆရာမဟုတ်လား။

တပည့်မလေးကို စေတနာသန့်သန့် ရှိပါသည်။

"လာလေ . . . သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တာကိုကိုက ကြည်မင်းဇော် ဘေးနားရောက်လာကာ ဆိုလိုက်၏။ သူ့စိတ်ထဲမှာ အခုမှပဲ ရှင်းလင်းကြည်လင်သွားရတော့သည်။ မင်း ပျော်ပါစေ သက်လျာ . . .

''ဒီကနေ့စပြီး အသဲကွဲခဲ့ဖူးတာ မေ့လိုက်တော့''

မော်ခန့်ဇော်က အလိုအပ်ဆုံးတစ်ခွန်းကို ပြောလာ၏။ နေမင်းကြီးက အနောက်ဖက်စွန်းစွန်းကို ဝင်ရောက်ပျောက်ကွယ်သွားပြီးနောက် ကောင်းကင်ပေါ်မှာ လတစ်စင်းထွက်ပေါ်လာခဲ့သည်။

လရိပ်အေးအေးသည် နှလုံးသားကို သာယာညွတ်နူးစေခဲ့ပါပြီ။

ပန်းသီခိုင်

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com